


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဘယ်လိုပုဂ္ဂိုလ်မှ နိဗ္ဗာန်ရောက်နိုင်သလဲ

၂၂၉

ဟောကြားသည့်နေ့
၈-၃-၅၄

0249

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဘယ်လိုပုဂ္ဂိုလ်မှ နိဗ္ဗာန်ရောက်နိုင်သလဲ

THITSA… RAMI LIBRARY
Date ..........................

ဟောကြားသည့်နေ့

(၈-၃-၅၇)

စာမူခွင့်ပြုချက်အမှတ် - ၁၀၁/၂၀၀၃ (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၄/၂၀၀၃ (၂)

အကြိမ် -
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၃ ခုနှစ်၊ မတ်လ
တန်ဖိုး - (      )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏

## အမှာစာ

ဆရာတော်ဘုရားကြီး၏ တပည့်ရင်းချာသူတော်စင်များ အား ကျေးဇူးတင်၍မဆုံးဖြစ်မိပါသည်။ ရှေးလူကြီးများသည် အမြော်အမြင်ကြီးစွာဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်များကို သူတို့ကိုယ်တိုင်တိတ်ခွေများဖြင့် ကူးယူသိမ်း ဆည်းထားခဲ့၍သာ ယခုအခါ ပြည်သူအများ နာကြားနိုင်ခြင်း ဖြစ်ပါသည်။ ကျင့်ကြံအားထုတ်နိုင်ခြင်းဖြစ်ပါသည်။

အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဦးမြင့် ပြောပြသည်မှာ ဆရာတော် ဘုရားကြီး၏ တရားတော်များကို မိုးကုတ်မြို့၌ သူကိုယ်တိုင် တိတ်ခွေကြီးများဖြင့် ကူးယူပြီး၍ နားနေစဉ် မိုးကုတ်ဆရာတော် ဘုရားကြီးသည် တရားဟောပလ္လင်မှ ဆင်းလာပြီး တရားတော် ကို ပြန်ဖွင့်ခိုင်းပါသည်။

ကြည်ကြည်လင်လင်ရှိကြောင်း သိရသောအခါ ဆရာတော်က ဒီတရားခွေများကို သေသေချာချာသိမ်းထား၊ မင်းအမေ မဖုံက ဟိုလူကိုငှား ဒီလူကိုငှားနဲ့ တချို့တရားတော် တွေ ပျောက်ကုန်တယ်လို့ ကြားတယ်၊ သေသေချာချာသိမ်း ထားပါ၊ နောက်ကျရင် ဒီတရားတွေဟာ ရွှေထက်အဖိုးတန်လိမ့် မယ်လို့ မှာကြားကြောင်း ဥက္ကဋ္ဌကြီးက ပြောပြဖူးပါသည်။

(၁-၇-၆၂) ဟောကြားသောတရားပွဲသည် မိုးကုတ်မြို့တွင် နောက်ဆုံးဟောကြားသောတရားပွဲဖြစ်ပါတယ်။

ပုဂံခေတ်နောက်ပိုင်းတွင် မြတ်စွာဘုရား၏ တရားတော်များကို လူပုဂ္ဂိုလ်များ သိရှိမှုမှာ အလွန်နည်းပါးလှပါသည်။ သံဃာတော်အရှင်မြတ်များသာ ကိုယ်တိုင်ကျင့်၍ ကိုယ်တိုင်ရဟန်းကိစ္စ ပြီးသွားကြပါသည်။

ယခုအချိန်အခါတွင်မူ ဘုရားဟောတရားတော်များကို လူပုဂ္ဂိုလ်များ သိခွင့်ရကြပါသည်။ နာခွင့်ရကြပါသည်။ ကိုယ်တိုင်အားထုတ်ခွင့်ရကြပြီဖြစ်၍ အခွင့်အခါအကောင်းဆုံးအချိန်ဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် ပုဂံခေတ်နောက်ပိုင်း နှစ်ပေါင်း ၁၀၀၀ အတွင်း ပေါ်ထွန်းခဲ့သောပုဂ္ဂိုလ်ထူးများထဲမှ ဆရာတော်တစ်ပါးဖြစ်သည့်အလျောက် ဒုတိယကမ္ဘာစစ်အတွင်းကစ၍ စစ်ပြီးခေတ်များတွင် သစ္စာလေးပါးတရားတော်များကို ဒကာ ဒကာမများအား ဟောကြားဆုံးမတော်မူခဲ့ပါသည်။

(၈-၃-၅၄) နေ့တွင် ဟောကြားသော ဤတရားတော်သည် အမြော်အမြင်ကြီးမားလှသော အမရပူရမြို့ရှိ တပည့်ရင်းများက တိတ်ခွေကြီးများဖြင့် ကူးယူထားရာတွင် မပျောက်ပျက်ဘဲကျန်ရှိသောတရားတော်များအနက် ရှေးအကျဆုံး အမရပူရမြို့၌ဟောကြားသောတရားတော်တစ်ပုဒ်ဖြစ်ပါသည်။

ဤတရားတော်တွင် မိုးကုတ်ဆရာတော်ဘုရားကြီးက "ဘယ်လိုပုဂ္ဂိုလ်မျိုးမှ နိဗ္ဗာန်ရောက်နိုင်သလဲ" ဟု မေးခွန်းထုတ်ပြီး ဘုရားဟောတရားတော်အတိုင်း ကိုးကား၍ ပြန်လည်ဖြေဆို ထားရာတွင် နိဗ္ဗာန်ကိုသိသောပုဂ္ဂိုလ်၊ ကျင့်သောပုဂ္ဂိုလ်မှ နိဗ္ဗာန် ရောက်နိုင်ကြောင်း ဟောကြားတော်မူထားပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ရှေးအကျဆုံးတရား တော်ဖြစ်သည့်အလျောက် ယောဂီများအတွက် အကျိုးကျေးဇူး များမည်ဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇) ပါး ကိန်းကြပါစေ။

၂၂-၁၁-၂၀၀၂ အလုပ်အမှုဆောင်အဖွဲ့

ကျေးရှူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# ဘယ်လိုပုဂ္ဂိုလ်မှ နိဗ္ဗာန်ရောက်နိုင်သလဲ

ဟောကြားသည့်နေ့ (၈-၃-၅၄)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူခိုက် ရဟန်းတွေအား ဟောကြားတော်မူတယ်။

## ဘယ်လိုပုဂ္ဂိုလ်မှ နိဗ္ဗာန်ရောက်နိုင်သလဲ

ဟော့ - နိဗ္ဗာန်ဆိုတဲ့ အေးချမ်းရာအရပ်ကို၊ ဘယ်လိုပုဂ္ဂိုလ်မှ ရောက်နိုင်သလဲလို့ဆိုလိုရှိရင်ဖြင့် သိသောပုဂ္ဂိုလ်၊ ကျင့်သောပုဂ္ဂိုလ်တွေမှ ရောက်နိုင်တယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်။

## သိသော၊ ကျင့်သော ပုဂ္ဂိုလ်မှ ရနိုင်တယ်

သိသောပုဂ္ဂိုလ် ကျင့်သောပုဂ္ဂိုလ်မှ ရနိုင်တယ်၊ သိရုံပဲ သိပြီးသကာလ ကျင့်မှုအလုပ်ကို မလုပ်ပြန်လို့ရှိရင်လည်း၊ ဒကာစိန် မရသေးဘူးတဲ့ ဘုရားက (မှန်လှပါဘုရား) မရနိုင်သေးဘူးတဲ့။

အခုလည်း ပြောနေတယ် ရှစ်လ၊ ကိုးလ၊ ဆယ်လ၊ သိတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိကြတယ်။

အခုတော့ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက၊ ဆရာသမားကလည်း တိုက်တွန်း၊ ကိုယ်ကိုယ်တိုင်ကလည်း ကျင့်မှ ရမယ်ဆိုတာ သိလို့ကျင့်ကုန်ကြပါပြီ။

အဲဒီတော့ ဘုရားဟောပါဠိတော်နဲ့ သိပ်ကိုက်ပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ အခုနပြောခဲ့တဲ့အတိုင်း၊ သိသောပုဂ္ဂိုလ်နဲ့ ကျင့်သောပုဂ္ဂိုလ်မင်းတို့ မှတ်ထားကြပေ့တဲ့ ပါဠိတော် ပြမယ်။

## ဘုရားဟောပါဠိတော်

**ဇာနတော ဟံ ဘိက္ခဝေပဿတော အာသဝါနံ ခယံ ဝဒါမိနော ဇာနတော အပဿတော**

**ဘိက္ခဝေ** ရဟန်းတို့ **အဟံ**-ငါဘုရားသည် **ဇာနတော**-ဝေဒနာသဘောကို သိသော ပုဂ္ဂိုလ်အား၊ **ပဿတော**-ဝေဒနာ

သဘောကို ရှုသောပုဂ္ဂိုလ်အား၊ **အာသဝါနံ**-အာသဝေါတရားတို့၏ **ခယံ**-ကုန်ရာကို (ဝါ) နိဗ္ဗာန်ကို **အဟံ**-ငါဘုရားသည် **ဝဒါမိ**-ဟောတော်မူ၏။

<u>မှတ်ချက်</u>

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်-ဝါသိဇဋသုတ်)

## အာသဝေါတရားကုန်တယ်

သိသော ပုဂ္ဂိုလ်၊ ကျင့်သောပုဂ္ဂိုလ်မှ အာသဝေါတရား ကုန်တယ်လို့ ငါဘုရားက ဆုံးဖြတ်ချက်ချတယ်။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၊ သိတဲ့ပုဂ္ဂိုလ်ဟာ ရပ်မနေပါနဲ့၊ ကျင့်လည်းကျင့်ကြပါ၊ သိပြီးသကာလ ကျင့်ကြပါ။

အကယ်၍ ကျင့်ပြီးနေတဲ့ ဒကာ ဒကာမ ဆိုလို့ရှိရင်ဖြင့် အိုမှုကင်း၊ နာမှုကင်း၊ သေမှုကင်းတဲ့၊ နိဗ္ဗာန်ဆိုတဲ့အရပ်ကို၊ ကျင့်တဲ့ ပုဂ္ဂိုလ်တော့ မရောက်မရှိဘူး၊ မရောက်မရှိပါဘူး ဒါကြောင့် ---

**ဇာနတော ဟံဘိက္ခဝေ ပဿတော အာသဝါနံ ခယံဝဒါမိ** အာသဝေါတရားကုန်၏ဟူ၍ ငါဘုရားက ဟောတယ်တဲ့၊ သိတဲ့ပုဂ္ဂိုလ် ကျင့်တဲ့ပုဂ္ဂိုလ်မှ အာသဝေါတရား ကုန်တယ်လို့ ငါဘုရားကဟောတယ်. . . (တင့်ပ့ါ)၊

**နော အဇာနတော အပဿတော**-တဲ့။

## မသိတဲ့၊ မကျင့်တဲ့ပုဂ္ဂိုလ်

မသိတဲ့ပုဂ္ဂိုလ်၊ မကျင့်တဲ့ ပုဂ္ဂိုလ်များ အာသဝေါတရား ကုန်တယ်လို့ ငါမဟောနိုင်ဘူးတဲ့၊ ပါဠိတော်၊ ပါဠိတော် -

အဲဒါကြောင့် ဒကာ ဒကာမတို့ သိရုံနဲ့ချည့်ပဲနေကြရမှာ လားဆိုရင် ဘယ့်နှယ်ဖြေကြမလဲ. . . (မရပါဘုရား) ကျင့်ဖို့ရာ အလုပ်ကို အားထုတ်ရလိမ့်အုံးမယ်လို့ဆိုတာ မှတ်ပါ။

ကျင့်ဖို့ရာ အလုပ်ကိုလည်း အားထုတ်မှသာ နေရာကျ မယ်။ အဲဒီတော့ ဘုရားက ဆက်ဟောလိုက်တယ်။

**ကိဉ္စ ဘိက္ခဝေ ဇာနတော ကိံပဿတော အာသဝါနံ ခယံဟောတိ။**

## ဘယ်ပုဂ္ဂိုလ်မှ အာသဝေါတရားကုန်မလဲ

အဘယ်ကဲ့သို့ သိတဲ့ပုဂ္ဂိုလ်၊ အဘယ်ကဲ့သို့ ကျင့်တဲ့ ပုဂ္ဂိုလ်ကိုမှ အာသဝေါတရားကုန်ပါ့မလဲလို့၊ ဘုရား ကိုယ်တော်ကြီး ကိုယ်တိုင် သူ့ဟာသူမေးပြီး၊ သူ့ဟာသူ ဖြေတယ်။

**ဣတိဝေဒနာ ဣတိဝေဒနာယ သမုဒယော ဣတိ ဝေဒနာယ - အတ္ထင်္ဂမော**

## ဤသုံးချက်သိရမယ်

ဤသုံးချက်သိရမယ်ဟော့တဲ့၊

ဣတိဤတရားကား၊ ဝေဒနာ-ဝေဒနာသည်၊ ဣတိ-ဤသို့ သဘောရှိ၏ ဝေဒနာဟာ ဤသို့သဘောရှိတယ်လို့ သိရဦးမယ်။

အဲဒီတော့ ဒကာ ဒကာမတွေ ဘုန်းကြီးဟောထားလို့ ဝေဒနာဟာ ခံစားတတ်တဲ့ သဘောသတ္တိရှိတယ်လို့ သိထားပါ . . . (မှန်ပါ့ဘုရား)။ ဝေဒနာသည် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့လည်း သုံးမျိုးရှိတယ်လို့သိထားပါ။

သုံးမျိုးစလုံးဟာလည်း ခံစားတတ်တဲ့သဘောသတ္တိရှိတယ်လို့သိထားပါ (မှန်ပါ့)၊ အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တစ်နံပါတ် အချက်က ဝေဒနာသုံးမျိုးရှိတာလည်း သိတယ်ဆိုတာ၊ ခင်ဗျားတို့ဉာဏ်ထဲရောက်ပြီးသား (မှန်ပါ့ဘုရား)။

## ဝေဒနာ၏ လက္ခဏာပြောစမ်းပါ

ဒီဝေဒနာ၏လက္ခဏာပြောစမ်းပါဆိုလို့ရှိရင်လည်း သုခဝေဒနာဟာကောင်းတာခံစားတယ်၊ ဒုက္ခဝေဒနာက ဆင်းရဲတာခံစားတယ်၊ ဥပေက္ခာဝေဒနာက အလည်အလတ် အာရုံခံစားတယ်။

ဒါကြောင့် ဝေဒနာဟာ ဘယ်လက္ခဏာရှိသတုံးမေးလို့ရှိရင်ဖြင့် ခံစားခြင်းလက္ခဏာရှိတယ်လို့ သိကြပါလို့ဘုရားက ဟောတယ်။

ဒကာ ဒကာမတို့ ဝေဒနာဘယ်နှမျိုးရှိတယ်. . . (သုံးမျိုးရှိ ပါတယ်ဘုရား)၊ ဘာဝေဒနာတွေပါလိမ့် . . . (သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာပါဘုရား) အဲဒီလို ဝေဒနာသုံးမျိုးရှိတယ် ဆိုတာသိကြပြီ။

ဝေဒနာသည်ကားလို့ဆိုရင် ဘယ်လက္ခဏာရှိတုံးဆိုရင်ဖြင့် ခံစားခြင်းလက္ခဏာရှိတယ်လို့မှတ်ထားလိုက်ကြအုံး၊ ခံစားတာပဲသူကတော့၊

ဒါဖြင့် ဣတိဝေဒနာဆိုတဲ့ဘုရားဟောတော်မူတဲ့အချက်တော့ ဒကာ ဒကာမတွေပိုင်ပါပြီ။

ဣတိဝေဒနာယ သမုဒယော၊ ဣတိ-ဤတရားကား ဝေဒနာယ သမုဒယော - ဝေဒနာ၏ ဖြစ်ကြောင်းတည်း၊ ဤတရားဟာ ဝေဒနာ၏ဖြစ်ကြောင်းပဲလို့သိရမယ်။

## ဝေဒနာ၏ဖြစ်ကြောင်း

အဲဒီတော့ ဒကာ ဒကာမတွေ နာပြီးသားဖြစ်နေတော့ ဝေဒနာဖြစ်ကြောင်းဆိုတာ၊ တခြားကို အောက်မေ့စရာမလိုတော့ဘူး၊ ဖဿပစ္စယာ ဝေဒနာလို့ဟောသောကြောင့်၊ အဲဝေဒနာဟာ

အလိုလိုမဖြစ်ပါဘူး၊ ဖဿကြောင့်ဖြစ်တာပါပဲလို့မသိဘူးလား . . . (သိပါတယ်ဘုရား)။

အဲဒါဝေဒနာဖြစ်ကြောင်းကိုလည်း ဒကာ ဒကာမတွေက သိတော့ သုခဝေဒနာလည်း ဖဿကြောင့် (မှန်ပါ့) ဒုက္ခဝေဒနာလည်း ဖဿကြောင့် ဥပေက္ခာဝေဒနာလည်း ဖဿကြောင့်လို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေသည် ဖဿပစ္စယာ ဝေဒနာ ဆိုတဲ့နှစ်နံပါတ်အချက်လည်း ပိုင်သွားပြန်တယ်။

သုံးနံပါတ်က ဘယ်လိုဟောလိုက်ပြန်သလဲလို့မေးတဲ့ အခါကျတော့ ဝေဒနာယ အတ္ထင်္ဂမော။ ဝေဒနာ-ဤတရားကား ဝေဒနာယ-ဝေဒနာ၏ အတ္ထင်္ဂမော-ချုပ်ရာနိဗ္ဗာန်ပဲ။

## ဝေဒနာချုပ်လို့ရှိရင် နိဗ္ဗာန်

ဝေဒနာချုပ်လို့ရှိရင်လည်း နိဗ္ဗာန်ပဲ ဒကာ ဒကာမတို့ (မှန်ပါ့) ဟုတ်သားပဲ ခင်ဗျားတို့ခန္ဓာကိုယ်တစ်ကိုယ်လုံးက ဝေဒနာက္ခန္ဓာကြီး (မှန်ပါ့)။

အဲဒီဝေဒနာ၊ သညာအစစချုပ်သွားမယ်ဆိုလို့ရှိရင်ဖြင့် ခန္ဓာရှိသေးရဲ့လား၊ (မရှိပါဘူးဘုရား) အဲဒီတော့ ဝေဒနာတို့၏ ချုပ်ရာဟာ နိဗ္ဗာန်ပဲလို့ဘုရားကဟောလိုက်ပြန်တယ်၊

ဒါကြောင့်ဒီဒကာ ဒကာမတွေကို ဝေဒနာနုပဿနာကို ရှုခိုင်းနေတာသည် ဝေဒနာဟာ ချုပ် ချုပ်၊ ချုပ် ချုပ်ပြီး၊ ဖြစ်ပြီးချုပ်

တယ်၊ ဖြစ်ပြီးချုပ်တယ်ဆိုတာသိ၍ ရွံမုန်းလာလို့ရှိရင် နောက် ဒီဝေဒနာတွေကို ဘယ်ခါကာလမှ မလိုချင်တဲ့သဘောကလေး ရောက်လာလို့ရှိရင် ဝေဒနာအစပျောက်ချုပ်ရင် ဒီဒကာ ဒကာမတွေ နိဗ္ဗာန်ကောင်ရောက်တယ်ဆိုတဲ့ဥစ္စာ ဘုရားကလည်း ဟော၊ ဘုန်းကြီးများကလည်း ဘုရား၏အဖြေကိုက်သိတယ်။

ဒါကြောင့် ဝေဒနာနုပဿနာချည့်ပဲ၊ ကျင့်ပုံရော၊ ကြံပုံ ရော၊ အားထုတ်ပုံရော အကုန်ဟောနေတယ် (မှန်လှပါဘုရား)။

ဒါကြောင့် ဝေဒနာအခုချုပ်ရာသည်၊ ဘာပါလိမ့်မလဲ. . (နိဗ္ဗာန်ပါဘုရား) အေး. . နိဗ္ဗာန်။

**ဇဝံခေါ ဘိက္ခဝေ ဇာနတော**တဲ့ ဤကဲ့သို့ ဝေဒနာဖြစ် ကြောင်းကိုလည်းသိ ဝေဒနာချုပ်ရာ၊ နိဗ္ဗာန်ကိုလည်းသိခဲ့လို့ရှိရင် ဖြင့်တဲ့ **အသဝါနံ ခယံ ဝဒါမိ** အာသဝေါတရားကုန်တယ်လို့ငါ ဘုရား၊ သေသေချာချာ၊ တာဝန်ခံနဲ့ဟောပါတယ် (မှန်လှပါ ဘုရား)။

## နိဗ္ဗာန်မုချရောက်တယ်

ဝေဒနာဖြစ်တာကိုလည်းသိ၊ ဝေဒနာချုပ်ရာကိုလည်းသိ ဤကဲ့သို့သိပြီဆိုမှဖြင့်၊ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဖြစ်ပျက်၊ ဖြစ်ကြောင်းကိုလည်းသိ၊ ချုပ်ရာကိုလည်း သိမယ်ဆိုလို့ရှိရင်ဖြင့်၊ မင်းတို့ အာသဝေါတရားကုန်ရာ နိဗ္ဗာန်သို့ မုချရောက်တယ်လို့ သူကိုယ်တိုင်တာဝန်ခံတယ် (တင်ပ့ါ)။

အဲဒီတော့ သူကိုယ်တိုင်တာဝန်ခံတဲ့ဥစ္စာဖြစ်နေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဘုန်းကြီးက၊ ရှေ့ကဝေဒနာနုပဿနာတွေကို ဝေဒနာသုံးပါးလှည့်ရှုကြစမ်းပါ၊ ပေါ်ရာကိုရှုကြစမ်းပါ၊ ဘယ်နေရာမှ မပေါ်ဘူးလို့ဆိုလို့ရှိရင်ဖြင့် ဝမ်းထဲရှုလေ ရှိုက်လေ အားထုတ်တဲ့ဝေဒနာရှိပါလိမ့်မယ်။

အဲဒီဝေဒနာကိုဉာဏ်ဦးတည့်ပြီး ရှုကြစမ်းပါဆိုတော့၊ ဝေဒနာမရှိတဲ့အချိန်ရယ်လို့ကို ရှိသေးရဲ့လား (မရှိပါဘူးဘုရား)။

## ဝေဒနာအမြဲတမ်းရှိနေတယ်

ဝေဒနာအမြဲတမ်းရှိနေတဲ့ သဘောမရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား)။ အေး-ဒါကြောင့် ဝေဒနာရှုကြပါ၊ ရှုကြပါဆိုတဲ့ဥစ္စာကို ခဏခဏနေ့တိုင်းလိုလိုပဲ သတိပေးရတယ်၊ (တင်ပါ့ဘုရား)။

အားလုံး ဒကာ ဒကာမတို့ ဝေဒနာသည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဖဿကြောင့်ဖြစ်တယ်၊ ဝေဒနာတို့၏ ချုပ်ရာဆိုတာသည် နိဗ္ဗာန်ပဲ၊ ဝေဒနာအစကချုပ်သွားရင် ဘာဆိုကြမလဲ. . . (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ရောက်တော့ ဒါပဲတဲ့၊ နိဗ္ဗာန်ရောက်တော့တာပဲ၊ ဒါကြောင့် ပါဠိတော်က **တိဿော ဝေဒနာ ဝေဒနာသမုဒယော ဝေဒနာနိရောဓော ဝေဒနာနိရောဓဂါမိနီ ပဋိပဒါ အတ္ထင်္ဂမော နိဗ္ဗာနံ ဒယ ဝဒါမိ။**

## ဘုရားကိုယ်တော်တိုင်ဟောတယ်

ဒီလိုမျိုး မင်းတို့ဝေဒနာဖြစ်ကြောင်းကိုလည်းသိ၊ ဝေဒနာချုပ်ရာ နိဗ္ဗာန်ကိုလည်း သိကြမယ်ဆိုလို့ရှိရင်ဖြင့်တဲ့၊ မင်းတို့သည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဘယ်နည်းနဲ့မဆို အာသဝေါကုန်ရာ နိဗ္ဗာန်ကိုရောက်လိမ့်မယ်၊ ရောက်မယ်ဆိုတာ ကိုယ်တော်မြတ်ကြီးက ငါကိုယ်တိုင် ဟောပါတယ်ကွတဲ့။

အဲဒီတော့ ဒကာ ဒကာမတို့ သိပ်ကြိုးစားစရာ၊ သိပ်အားထုတ်စရာ မကောင်းလားဗျာ . . . (ကောင်းပါတယ်ဘုရား)။

ကြိုးစားကြစမ်းပါ၊ မလျှော့ပါနဲ့၊ ဒီဘဝ ဒီခဏနဲ့ ကိစ္စပြီးအောင်လုပ်ပါ. . . (မှန်ပါ့) အချိန်ဆွဲမနေကြပါနဲ့၊ အချိန်ဆွဲတာသည် ဒကာ ဒကာမတို့ ဒုက္ခတာရှည်ချင်လို့သာ ဆုံးဖြတ်ချက်ချပေတော့ . . . (မှန်ပါဘုရား)။

## အချိန်ဆွဲရင်လူမိုက်

အချိန်ဆွဲရင် လူမိုက်နော် (မှန်ပါ့ဘုရား) အချိန်ဆွဲရင် လူမိုက်ပါပဲတဲ့၊ ဒါကြောင့် အချိန်ဆွဲနေတဲ့ ပုဂ္ဂိုလ်များသည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ အမုန်းကြီးမုန်း၊ အရွံကြီးရွံတဲ့ ပုဂ္ဂိုလ်ထဲမှာ အပါအဝင်ဗျ . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် အချိန်မဆွဲပါနဲ့၊ အချိန်ဆွဲနေတော့ လူမိုက်လို့ ဆိုရတာ၊ ဘုရားဆိုတာသည် ဆိုထိုက်တယ်၊ ခင်ဗျားတို့ ကိုယ့်ခန္ဓာကိုယ်က အဇ္ဈတ္တဝေဝ ယနေ့လား နက်ဖြန်လား မသိဘူး . . . (မှန်လှပါဘုရား)။

အဲဒီပုဂ္ဂိုလ်က အချိန်ဆွဲနေရင် မိုက်လို့လား လိမ်မာလို့ လား . . . (မိုက်လို့ပါဘုရား)။

## မိုက်ပြီးမနေကြပါနဲ့

အေး အဲဒီလို မိုက်ပြီးသကာလ၊ မနေကြပါနဲ့ဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ မှာတော်မူတယ် (မှန်ပါ့)။

ဒါကြောင့် အဲတော့ကို ခုနက မူလဘူတက ဟောခဲ့ တယ်၊ သိသောပုဂ္ဂိုလ်၊ ကျင့်သောပုဂ္ဂိုလ်မှသာလျှင် အာသဝေါ တရားကုန်ရာ နိဗ္ဗာန်သို့ ရောက်မယ်တဲ့၊ ဘုရားသခင်ကိုယ်တော် မြတ်ကြီးက ဝေဒနာနဲ့ ပတ်သက်ပြီးဟောခဲ့တယ်။

အဲဒီတော့ မကျင့်သောပုဂ္ဂိုလ်၊ မပွားများသော ပုဂ္ဂိုလ် တော့ဖြင့် ဘယ်နည်းနဲ့မှ မရောက်ဘူးဆိုတာ သူကိုယ်တိုင် တာဝန်ခံခဲ့တယ်. . . (မှန်ပါ့ဘုရား)။

ပြောပြန်ပြီတဲ့ ပါဠိတော်ကြီးတစ်ခါတည်း နောက်သား နောင်လာတို့ အလကား သိရုံနဲ့ရပ်ပြီး သကာလ ကျင့်မှုကိုအား မထုတ်ဘဲ နေရစ်မှာ စိုးသောကြောင့် -

**ဘာဝနာ နုယောဂံ အနနုယုတ္တဿ ဘိက္ခဝေ ဘိက္ခုနော ဝိဟရတော ကိဉ္စာပိ ဧဝံ ဣစ္ဆာဥပ္ပဇ္ဇေယျ**

ဘာဝနာတရားမှာ အားမထုတ်ဘဲနဲ့ သူ့စိတ်ထဲကပေါ့ဗျာ အားတော့မထုတ်ဘဲနဲ့ ငါအာသဝေါတရား ကုန်ရာကို ရောက်လို့ရှိရင် ငါနေရာကျမှာပဲ. . . (တင်ပ့ါ)။

အားတော့ သူမထုတ်ဘူးပေါ့ဗျာ၊ အာသဝေါတရား ကုန်ရာ ရောက်လို့ရှိရင်ဖြင့်၊ ငါအင်မတန်နေရာကျမှာပဲလို့၊ ဒီလို ညည်းတတ်ကျတယ်ဗျ. . . (တင်ပ့ါ)။

**အဟောဝတမေအနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စေယျတဲ့။**

## အားမထုတ်ဘဲနဲ့ နိဗ္ဗာန်လိုချင်တယ်

အာသဝေါတရားများ လွတ်သွားမယ်ဆိုရင် သိပ်ကောင်းမှာပဲလို့၊ အားမထုတ်ဘဲနဲ့ အာသဝေါတရား ကုန်ရင် နိဗ္ဗာန်ရောက်မယ်ဆိုသိပ်ကောင်း မှာပဲလို့၊ သူညည်းလေ့ရှိတယ် . . . (မှန်ပ့ါ)။

အဲဒီညည်းတဲ့ ပုဂ္ဂိုလ်ဟာ ဒကာ ဒကာမတို့သေချာမှတ်ပါတဲ့၊ ဒီပါဠိတော်အရ၊ ဘယ်တော့မှ မရဘူး. . . (မှန်ပ့ါ) ဘယ်တော့မှ မရဘူးလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောပြန်တယ်. . . (တင်ပ့ါ)။

ဒါကြောင့် **ဘာဝနာနုယောဂံ အနနုယုတ္တဿ ဘိက္ခုဝေ ဘိက္ခုနော ဝိဟရတော ကိဉ္စာပိ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇေယျ အဟော၀တမေ အနုပါဒါယ အာသဝေဟိစိတ္တံ ဝိမုစ္စေယျ အထခွဿနေ၀ အနုပါဒါယ အာသဝေဟိစိတ္တံ ဝိမုစ္စတိ။**

## သိရုံနဲ့မပြီးကျင့်မှပြီးမယ်

ဘယ်လိုပဲ ဒီပုဂ္ဂိုလ်အားမထုတ်ဘဲနေမယ်ဆို ဘယ်လိုမှ အာသဝေါတရားမကုန်နိုင်ပါဘူးကွာတဲ့၊ ဒကာ ဒကာမတို့ သိရုံနဲ့ ပြီးရမှာလား . . . (မဟုတ်ပါဘုရား)၊ ကျင့်မှပြီးရမှာ။

အဲဒါကြောင့် သိရုံနဲ့မပြီး ကျင့်မှသာလျှင် ပြီးမယ်လို့ ဆိုတဲ့ဥစ္စာသည်၊ ဒကာ ဒကာမတို့ကို ရည်ရွယ်ပြီး ပြောတဲ့ ဘုရားဟောတော်မူတဲ့တရားကို သေသေချာချာကျင့်မှ ရမယ်ဟေ့ ဆိုတာ သေသေချာချာမှတ်ပါ. . . (မှတ်ပါ့မယ်ဘုရား)။

အဲဒါကို စိတ်မချရလို့ ဥပမာလေးပြပြီးခိုင်းတယ်၊ ဘုရားကစိတ်မချလို့ ဥပမာပြတယ် . . . (မှန်ပါ့) ဘယ်လိုများ ပြသလဲလို့ဆိုတဲ့ အခါကျတော့ . . . (မှန်လှပါဘုရား)။

## ကြက်မကြီးဥပမာ

ရဟန်းတို့တဲ့ ကြက်မတစ်ကောင်ရှိတယ်ကွတဲ့ (မှန်ပါ့) အဲဒီ ကြက်မတစ်ကောင်သည်၊ ဥကလေးတွေ၊ တစ်နေတစ်လုံး၊

တစ်လုံးနဲ့ (၁၂) လုံး (၁၃) လုံးရတော့ သူသည်၊ ဝပ်ချိန်ကော မရောက်သေးဘူးလား. . . (ရောက်ပါတယ်ဘုရား)။

တစ်ချိန်ချိန်မှာ ဝပ်ရမှာပေါ့ဗျာ. . . (တင်ပ့ါ) အဲဒီကြက်မကြီးဟာ ဥသာဥတယ်တဲ့၊ ဝပ်လည်း မဝပ်ဘူး၊ အတောင်ဖြန့်လို့လည်း မဝပ်ဘူးပေါ့ဗျာ။

အပူရင်ကိုလည်း မပေးဘူး၊ ကြက်ဥအပေါ်မှာလေ၊ ကြက်နံ့လည်းမပေးဘူး၊ ဆိုလို့ရှိရင်ဖြင့်တဲ့၊ အောက်မှာရှိတဲ့ (၁၂) လုံး (၁၃) လုံးရှိတဲ့ ကြက်ဥကလေးတွေ ပုပ်ခြင်းသာလျင်၊ သိုးခြင်းသာလျင် ဟုတ်ပလား၊ စွန့်ပစ်စရာသာလျင် ကေန်မဖြစ်ပေဘူးလား. . . (ဖြစ်မှာပါဘုရား)။

## ကြက်မကြီးအလုပ်သုံးလုပ်မလုပ်ရင်

အဲဒီအကောင်က ဥတော့ဥသကိုဗျ၊ အတောင်ဖြန့်လုပ်တဲ့ တစ်နံပါတ်အလုပ်လည်း သူမလုပ်ဘူး. . . (တင်ပ့ါ) အပူငွေ့ပေးတဲ့ နှစ်နံပါတ်အလုပ်လည်း သူမလုပ်ဘူး. . . (မလုပ်ပါဘုရား)။

ကြက်တို့၏ အနံ့ကိုပေးတဲ့ သုံးနံပါတ်အလုပ်လည်း သူမလုပ်ဘူး. . . (မလုပ်ပါဘုရား)။ မလုပ်တော့ ဒီကြက်ဥတွေဟာ ပုပ်သိုးပြီးသကာလ၊ မကောင်းသော အခြင်းအရာစတဲ့ ပျက်စီးခြင်းသို့ မရောက်ရပါလား. . . (ရောက်ရပါတယ်ဘုရား)။

ထိုဝေဒနာတရားကဟော့တဲ့၊ တို့ဝေဒနာသုံးမျိုးသိတော့ သိနေကြတယ်ကွတဲ့၊ သို့သော်သိပင်သိငြားသော်လည်း သူတို့ ဝိပဿနာဉာဏ်နဲ့ ဒါလေးဟာ အနိစ္စပါလား၊ ဒါလေးဟာ ဒုက္ခ ပါလား၊ ဒါလေးဝေဒနာလေးဟာ အနိစ္စပါလား၊ ဒုက္ခပါလား၊ အနတ္တပါလားဆိုတာလေးကိုတော့ သူတို့က နှလုံးမသွင်းဘူးဆို လို့ရှိရင် ဝေဒနာပေါ်၊ ဝေဒနာက္ခန္ဓာကြီးတော့သိတယ်။

သိတော့ ဝေဒနာက္ခန္ဓာကြီးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆို တဲ့ သုံးခုနဲ့ နှလုံးမသွင်းခဲ့ပြန်လို့ရှိရင်လည်းတဲ့၊ ခုနက ကြက်မကြီး၊ ကြက်ဥပြီး၊ ဥရုံသာဥ၍ လုပ်စရာရှိတဲ့ သုံးခု သူမလုပ်တော့ ကြက်ဥပုပ်တယ် (မှန်လှပါဘုရား)၊ မပုပ်ဘူးလား. . . (ပုပ်ပါ တယ်ဘုရား)။

## ကြက်ဥပုပ်မယ်

အတောင်ဖြန့်တဲ့အလုပ် တစ်နံပါတ်။ အပူပေးတဲ့အလုပ် နှစ်နံပါတ်။ ကြက်တို့၏အနံ့ပေးမှု သုံးနံပါတ် . . . (သုံးနံပါတ်ပါ ဘုရား)၊ အဲဒီအလုပ် သုံးလုပ်မလုပ်တော့ ကြက်ဥတွေ ဒကာစိန် ရေ-တစ်ခါတည်းပုပ်သိုးပြီးသကာလ ကြက်ကောင်မဖြစ်ရတော့ ဘူး. . . (မှန်လှပါဘုရား)။

ဘာလို့ပုပ်တာတုံးဆိုတော့ ဥသာဥနေတယ်၊ လုပ်စရာ ကိစ္စ သုံးခုမလုပ်ဘူး. . . (မှန်လှပါဘုရား)။

ထို့အတူပဲ ဒကာ ဒကာမတွေလည်း ဘုန်းကြီးက သတိပေးရတယ်၊ ဝေဒနာတော့ သိပါပြီ၊ ဆရာဘုန်းကြီးပြောလို့ ဝေဒနာက္ခန္ဓာကြီးတော့သိပြီ (မှန်ပါ)။

## သိရုံတင်နဲ့မပြီးဘူး

ဝေဒနာကို အနိစ္စနဲ့ မပွားများ၊ ဒုက္ခနဲ့မပွားများ၊ အနတ္တနဲ့ မပွားများဘူးဆိုတော့၊ ပွားများမှုတစ်လုံးလိုနေပြန်လို့ရှိရင် ခင်ဗျားတို့ အဝိဇ္ဇာတည်းဟူသော မှောင်ပိတ်ထဲက ခင်ဗျားတို့ ဝိဇ္ဇာဆိုတဲ့ မဂ်ဉာဏ် ပေါ်နိုင်ပါ့မလား. . . (မပေါ်နိုင်ပါဘူးဘုရား)။

အဲဒါဖြင့် သိရုံတင်နဲ့မပြီးဘူးပေါ့၊ ကျင့်သုံးပြီး လုပ်ဦးမှရမယ်ပေါ့ (မှန်ပါ)၊ ဆုံးဖြတ်ချက်ချကြစမ်းပါ၊ ပွားများမှုသုံးခုကို လုပ်ရလိမ့်အုံးမယ်လို့ ဆုံးဖြတ်ချက်ချပါ . . . (တင်ပါ့)။

## ကြက်မကြီးအလုပ်

အဲဒီကဲ့သို့ ရင်းကြက်မကြီးသည်ကားဆိုလို့ရှိရင်ဖြင့် ဥလည်း ဥပြီ၊ အပေါ်မှာပင် ကြက်ဥ (၁၂) လုံးလောက်ရလာတော့၊ အတောင်ကလေး ဖြန့်ဝပ်ပြီ (တင်ပါ့)၊ အပူငွေ့လေးလည်း ပေးပြီ၊ ကြက်ဥတွေလည်း အပူငွေ့ပေးရတယ်. . . (မှန်ပါ့)။

ကြက်တို့၏အနံ့ကိုလည်း ပေးပြီဆိုမှဖြင့် အောက်မှာရှိတဲ့ ကြက်ဥလေးတွေဟာ ဒကာ ဒကာမတို့ သတိထားကြတဲ့ ဘာ

ဖြစ်လာမလဲလို့ဆိုလို့ရှိရင်ဖြင့်တဲ့၊ ဥခွံကြီးကလည်း ပါးမလာပေဘူး လား. . . (ပါးလာပါတယ်ဘုရား)။ အပူငွေ့ကြောင့်ပေါ့ဗျာ။

အတွင်းမှာရှိတဲ့ ဥတွင်းမှာရှိတဲ့ အစေးတွေဟာလည်း ခြောက်မလာပေဘူးလား . . . (ခြောက်ပါတယ်ဘုရား)၊ ပြင်ဘက်က အလင်းကိုလည်း အတွင်းကကြက်ကောင်ကလေးတွေက ဥခွံပါးတဲ့အတွက် မမြင်ရပေဘူးလား. . . (မြင်ရပါတယ်ဘုရား)။

အဲဒီအခါကျလာတော့ ဒီဘက်ကကြက်ကလေးတွေသည် ဥခွံကလည်းပါး၊ အစေးကလည်းခြောက်၊ ပြင်ဘက်က အလင်းမြင်ရတော့ကို နဂိုက ဒီဥခွံအတွင်းထဲ တို့နေရတာသည်၊ လည်ပင်းကလေးကွေး၍၊ မဆန့်နိုင်မဖောက်နိုင်ဘဲနေရတာ ယခုတော့ သူတို့နှုတ်သီးဖျားကလေးလည်း ရင့်ပဟာ့. . (မှန်ပါ့)။

## ကြက်ကလေးတွေထွက်လာတယ်

ခြေသည်း လက်သည်းကလေးလည်း မာလာပြီဟာ၊ ပြင်ဖက်မှာလည်း အလင်းရှိပြီဟာ။ တို့ကွေးကောက်နေရတာလည်း ရက်ပေါင်းအတော်ကြာပြီဆိုပြီး၊ နှုတ်သီးကလေးနဲ့အခုန ဥခွံပါးကလေးကို ကြက်ငယ်ကလေးကပေါ့ဗျာ၊ ထိုးလိုက်၊ ခြေထောက်ကလေးနဲ့ ကန်လိုက်တော့ ဥခွံတွင်းက ကြက်ကလေး ဘွားခနဲ မထွက်ဘူးလား. . . (ထွက်ပါတယ်ဘုရား)။

## သမာဓိမဂ္ဂင်နဲ့ပွားများရင်

ထို့အတူပဲတဲ့ ဒကာ ဒကာမတွေ ပွားများပြီဆိုမှဖြင့် သမာဓိမဂ္ဂင်နဲ့ ပွားများပြီဆိုမှဖြင့် ဒကာ ဒကာမတို့ စဉ်းစားကြပါတော့တဲ့၊ အဝိဇ္ဇာတည်းဟူသော အမှောင်ကြီးကလည်း တစ်ခါတည်း ဖျူဖွေးမသွားဘူးလား. . . (သွားပါတယ်ဘုရား)။

အဝိဇ္ဇာတည်းဟူသော အမှောင်ဓာတ်ကြီးကလည်း ပွားများတဲ့ ပုဂ္ဂိုလ်ကျတော့ ဥခွံပါးသလို မပါးပေဘူးလား. . . (ပါးပါတယ်)။

ဥခွံထဲက အစေးခြောက်သလို တဏှာကလည်း ပွားများနေတဲ့ပုဂ္ဂိုလ်ကျတော့ တဏှာအစေးကလည်း သမုဒယသစ္စာကလည်း ချုပ်၊ ချုပ်သာနေရတော့၊ တဏှာအစေးကလည်း မခမ်းခြောက်ဘူးလား. . . (ခမ်းခြောက်ပါတယ်ဘုရား)။

အဲဒီတော့ ကြက်ကလေးသည်ကားလို့ဆိုလို့ရှိရင် ဥခွံကလည်းပါး၊ အစေးကလည်း ခြောက်တော့၊ ဥခွံအတွင်းကနေကြည့်လိုက်ရင်တော့ အလင်းမမြင်ရပေဘူးလား. . . (မြင်ရပါတယ်ဘုရား)။

## နိဗ္ဗာန်ကို အသေအချာမြင်မယ်

အဲဒီလိုပဲ ဒကာ ဒကာမတို့ အဝိဇ္ဇာကလည်းပါး၊ တဏှာအစေးကလည်း ခြောက်ပြီဆိုမှဖြင့် နိဗ္ဗာန်တည်းဟူသော အလင်းကြီးကို ကြက်ကလေးတွေ မျက်လုံးနဲ့တူတဲ့ ခင်ဗျားတို့ သမ္မာဒိဋ္ဌိ

မဂ္ဂင်က နိဗ္ဗာန်တည်းဟူသော အလင်းကြီးကို အသေအချာမြင်မယ် . . . (မှန်လှပါ)။

မြင်တဲ့အခါကျတော့ ကြက်ကလေးသည် နှုတ်သီးဖျားကလေးနဲ့ သူ့ဥခွံဖောက်၊ ခြေထောက်ကလေးနဲ့ကန်လိုက်တော့ ပြင်ဘက်ရောက်လာတယ် (ရောက်လာပါတယ်ဘုရား)။

ဒီမှာလည်း ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင် အလင်းမြင်လာတဲ့ တစ်နေ့ အစေးကလည်း ခမ်းခြောက်အပေါ်မှာ အမှောင်ဓာတ်ကြီးကလည်း အဝိဇ္ဇာအမှောင်ကြီးကလည်း ပွားများတဲ့ပုဂ္ဂိုလ်ကျတော့၊ အဝိဇ္ဇာအမှောင်ကြီးကလည်း မရှိ၊ (မှန်ပါ့)၊ တဏှာအစေးကလည်း ခမ်းခြောက်၊ အလင်းနဲ့တူတဲ့ နိဗ္ဗာန်ကြီးကိုလည်း ငြိမ်းအေးဓာတ်ကြီးကလည်း အတွင်းကနေကြည့်တယ်၊ ကြက်ကလေးကြည့်လို့ ပြင်ဘက်က အလင်းမြင်ရသလို ကျုပ်တို့ဉာဏ်အလင်းနဲ့ကြည့်လိုက်တယ်၊ နိဗ္ဗာန်မှ အေးမှာပဲဆိုတော့ အလင်းကြီးကလည်း ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

အဲဒီလိုပေါ်လာတော့ ကြက်ကလေး ကန်ကျောက်ပြီး ထွက်သလို ကျုပ်တို့လည်း မဂ္ဂသစ္စာ၊ မဂ္ဂဿ ဆိုတဲ့ မဂ္ဂသစ္စာ ထွက်မြောက်ကြောင်းဖြစ်ပြီး တစ်ခါတည်းပေါ်ပေါက်လာတယ် . . . (မှန်လှပါ)။

အဲ. . . ဖြောင့်ဖြောင့်တန်း မဂ်ဉာဏ်ကြီး အစစ်ပေါ် ပေါက်လာတော့ တစ်ခါတည်း အဝိဇ္ဇာဥခွံတွင်း တဏှာအစေး တည်းဟူသော ရေအိုင်တွင်းမှ ကျုပ်တို့လွတ်မြောက်မသွားဘူး လား. . . (သွားပါတယ်ဘုရား)။

## အလုပ်လုပ်တဲ့ပုဂ္ဂိုလ်မှရမယ်

အဲဒါကြောင့် ဒကာ ဒကာမတို့ ဒီနေ့ဟောတဲ့တရားဟာ ဥပမာ ဥပမေယျနှင့်တကွ ဘုရား သာဝတ္ထိပြည်မှာ အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှရမယ်ဟော့၊ ကြက်တောင်၊ ကြက်မကြီးတောင်မ ဥရုံ ကလေး ဥထားလို့မဖြစ်ဘူးကွ၊ ဟုတ်ပလား. . . (မှန်ပါ့ဘုရား)။

အတောင်ဖြန့်ဝပ်ရသေးတယ်ကွ၊ အပူဓာတ်ပေးရသေး တယ်ကွ၊ ကြက်တို့၏အနံ့ပေးရသေးတယ်ကွ၊ မင်းတို့လည်း ဒီလိုပဲ၊ ပွားများမှုအလုပ်ကို ထပ်ပြန်တလဲလဲ၊ အနိစ္စနဲ့ပွား၊ ဒုက္ခနဲ့ ပွား၊ အနတ္တနဲ့ပွား၊ ကြပ်ကြပ်ပွားများပြီဆိုမှဖြင့် ခုနက ကြက်မ ကြီး အလုပ်သုံးလုပ် လုပ်သလိုပေါ့ဗျာ. . . (မှန်ပါ့ဘုရား)။

ကျုပ်တို့လည်း ဒီလိုလုပ်ကြမယ်ဆိုလို့ရှိရင်ဖြင့် ဖြစ်ပြီး ပျက်တာပဲ၊ ဘယ်ဝေဒနာပေါ်လာလာ၊ ဖြစ်ပြီးပျက်တာပဲ. . . (တင်ပါ့ဘုရား)။

## ဘယ်ဝေဒနာပေါ်ပေါ် ဖြစ်ပျက်ရှု

ဘယ်ဝေဒနာပေါ်လာလာ ဖြစ်ပြီးပျက်တာပဲလို့ ခင်ဗျား တို့ ထပ်ပြန်တလဲလဲ ပွားနေမယ်ဆိုလို့ရှိရင် အနိစ္စနဲ့ပွား ဒုက္ခနဲ့ ပွား အနတ္တနဲ့ပွား (တင်ပါ့)၊ ပွားလိုက်ပြီဆိုမှဖြင့် ကြက်မကြီး အင်္ဂါ သုံးချက်နဲ့ညီအောင် ကြက်ဥကလေးတွေ လုပ်ပေးသလို မကျဘူး လား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ဗျာ ကျုပ်တို့ အဝိဇ္ဇာမှောင်ကြီးကလည်း လွင့် တယ်၊ တဏှာတည်းဟူသော အစေးတွေကလည်း သမုဒယ သစ္စာအစေးတွေကလည်း အကုန်ခန်းခြောက်တယ်. . . (မှန်လှ ပါဘုရား)။

နိဗ္ဗာန်တည်းဟူသော အလင်းကြီးကလည်း ကျုပ်တို့မှာ မဂ်ဉာဏ်တည်းဟူသောမျက်လုံးရင့်၊ မမြင်ရပေဘူးလား. . . (မြင်ရပါတယ်)။

## (၃၁)ဘုံထဲမှာနေချင်သေးရဲ့လား

မြင်ရတဲ့အခါကျတော့ (၃၁) ဘုံထဲမှာ နေချင်သေးရဲ့ လား၊ (မနေချင်တော့ပါဘူးဘုရား)၊ (၃၁) ဘုံ အဝိဇ္ဇာဥခွံ တွင်းထဲမှာ နေ ချင်သေးရဲ့လား၊ (မနေချင်တော့ပါဘူးဘုရား)။

အဲဒီတင် ကန်ကျောက်ထွက်ကြလို့ ဘုရားတွေ၊ သာဝကတွေ အထဲရောက်ကုန်ကြပြီ (တင်ပါ့)၊ ကျုပ်တို့ အဝိဇ္ဇာ

ဥစ္စာဖြင့် တကျာ အစေးကြီးနဲ့နေရသေးတဲ့အတွက် အလင်းကို မမြင်ရသေးလို့ ဟုတ်လား. . . (မှန်ပါ့ဘုရား)။

ဘယ်နည်းနဲ့မှ ကျုပ်တို့သည်ကားလို့ဆိုရင် ကိုယ့်ဥစ္စာကြီး ဖုံးနေ တာကို ဖုံးလျက်နဲ့ပဲနေရသေးတယ်။

မှောင်ကျလျက်ပဲနေရသေးတယ်၊ အစေးကလည်း မခန်း ခြောက်၊ ဥစ္စာကလည်း မပါးသေးဘူး (မှန်လှပါ)၊ ဒါကြောင့် ကျုပ် တို့နှုတ်သီးလေးတွေကလည်း၊ နှုတ်သီးချွန်ချွန်ကလေးတွေနဲ့တူ တဲ့ အလုပ်တရားတွေကလည်း၊ ဉာဏ်က မထက်သေး၊ ဟုတ် ပလား. . . (မှန်ပါ့ဘုရား)။

နှုတ်သီးလေးတွေထက်၊ ခြေထောက်ကလေးတွေထက် တော့ ကြက်ကလေးလို ဥစ္စာကလေး ဖျတ်ခနဲခွဲနိုင်တယ်၊ ငယ်ပင် ငယ်ငြားသော်လည်း (မှန်လှပါဘုရား)။

## အဝိဇ္ဇာဥစ္စာကြီးကွဲတယ်

ထို့အတူပဲတဲ့ ကျုပ်တို့သည်ကားလို့ဆိုရင်ဖြင့် မဂ်ဉာဏ် ထက်လာပြီဆိုတဲ့တစ်နေ့ကျတော့၊ ကိုင်း. . . အဝိဇ္ဇာဥစ္စာကြီးကို ဖြန်းခနဲမကွဲပေဘူးလား. . . (ကွဲပါတယ်ဘုရား)။

ဒါကြောင့် အဝိဇ္ဇာဥစ္စာကြီးကို ဖြန်းခနဲကွဲစေချင်လို့ရှိရင် ဖြင့် ထပ်ပြန်တလဲလဲပွားများ၊ ကြက်မကြီး အလုပ်သုံးလုပ် လုပ် သလို ကျုပ်တို့လည်း ထပ်ပြန်တလဲလဲပွားများမှသာလျှင် လိုရာ

ကိစ္စ ပြီးမယ်ဆိုတာ၊ ဒကာ ဒကာမတွေ သေသေချာချာ မှတ်ဖို့ ကောင်းတယ်. . . (မှန်လှပါဘုရား)။

## လုပ်မှရမယ်ဆိုတာသေချာအောင်

ဒါ. . . ဥပမာ ဥပမေယျတွေနဲ့တကွ ဟောင်တော်မူတဲ့ တရားဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ ဒီတရားက ဘယ် အတွက် ဒီအထဲသွင်းရတယ်ဆိုတာ လုပ်မှရမယ်ဆိုတာ သေချာ အောင်လို့. . . (မှန်လှပါဘုရား)။

## ကြက်မကြီးဝတ္တရားသုံးခု

ကြက်မကြီးတောင် ဥရုံကလေး ဥတတ်ရုံနဲ့ ကြက်ကောင် တော့မဖြစ်ဘူး. . . (မဖြစ်ပါဘူးဘုရား)၊ ကြက်မကြီး သူ့ဝတ္တရား သုံးခုကို သူလုပ်ပါမှ (တင်ပါ့)၊ တော်တော်နေလာဝပ်လိုက်ရင်း၊ တော်တော်နေဝပ်လိုက်ရင်း၊ တော်တော်နေ အစာရှာလိုက်၊ လာ ဝပ်လိုက်နဲ့၊ အပူဓာတ်ပေးလိုက်နဲ့၊ အနံ့လေးပေးလိုက်နဲ့၊ အတောင်လေးဖြန့်ဝပ်လိုက်နဲ့. . . (မှန်ပါ့ဘုရား)။

ဒီလိုလုပ်ပါမှသာလျှင် လုပ်ပေးနေရင် ကြက်ကောင်ဖြစ် ခြင်းသို့ရောက်ပါတယ်. . . (မှန်ပါ)။

ထို့အတူ ဘုန်းကြီးတို့ဒကာ ဒကာမတွေကို ခဏ ခဏ ဒီဝေဒနာနုပဿနာပေါ် ဉာဏ်တည်းဟူသော တရားက ဝပ်ပေး

ရမယ်. . . (မှန်လှပါ)၊ ဉာဏ်တည်းဟူသောတရားက ဒီအပေါ် မှာချည့် တည့်တည့်ပေး။

## သုခဝေဒနာပေါ်၌ ဉာဏ်နဲ့ရှု

သုခဝေဒနာပေါ်ရင်၊ သုခဝေဒနာပေါ်၌ ဉာဏ်နဲ့ရှုလိုက်ပါ၊ ဒုက္ခဝေဒနာပေါ်လည်း ဒုက္ခဝေဒနာပေါ်၌ ဉာဏ်နဲ့ရှုလိုက်၊ ဒီအပေါ် လာဝပ်တာပေါ့ဗျ၊ ဥပေက္ခာဝေဒနာပေါ်လာရင်ကော . . . (ဉာဏ်နဲ့ရှုရပါမယ်ဘုရား)၊ ဥပေက္ခာဝေဒနာနဲ့ ရှုလိုက်၊ ဥပေက္ခာဝေဒနာပေါ်၌ ရှုလိုက် ဟုတ်လား. . . (မှန်ပါ့)။

အဲဒီကဲ့သို့ ထပ်ပြန်တလဲလဲ ရှုဖန်များလာပြီဆိုမှဖြင့် ကြက်ကောင်ကြက်ဥကလေးတွေသည် ခုနကပြောသလို ဥခွံကြီးကလည်း ပေါက်၊ အစေးကလည်း ခန်းခြောက်၊ ပြင်ဘက်ကလည်း အလင်းတွေကဝင်လာပြီ၊ ပါးလာတော့ မဝင်နိုင်ဘူးလား . . . (ဝင်နိုင်ပါတယ်ဘုရား)။

ဝင်နိုင်တော့ အတွင်းကြက်ကလေးတွေသည် တို့သည် ကားလို့ဆိုရင် ကြာလှပြီ၊ နှစ်သီတင်း၊ သုံးသီတင်းတိုင်တိုင် ဒီအထဲမှာ နေရတာ. . . (မှန်လှပါ)။

ဒီလိုနဲ့ ဥခွံထဲမှာ ခြေနဲ့ကန်ထုတ်လိုက်တော့ ဥခွံကတစ်ခါတည်း၊ ဉာဏ်ပေါ်ပြီး လိုရာခရီးကို အတောင်လေးခါထက်ပြီး ခြေဆန့်ပြီးထွက်ရတယ်. . . (ထွက်ရပါတယ်ဘုရား)၊ အဲဒီကျ

မှ ကြွက်ကလေးချမ်းသာ မသွားဘူးလား. . . (ချမ်းသာသွားပါတယ်ဘုရား)။

## ဒုက္ခသစ္စာတွေကို ရှုပါများမှ

ကျုပ်တို့တွေလည်း အဝိဇ္ဇာဥခွံတွင်းထဲက ဖြစ်ပျက်ပြီး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဖြစ်ပျက်ဒုက္ခသစ္စာတွေကို ရှုပါများမှသာလျှင် အဝိဇ္ဇာဥခွံတွင်းထဲမှာ သံသရာကြီးထဲမှာ အမြဲတမ်း အဝိုင်းပြေး ပြေးနေရတော့ အညောင်ကြီးညောင်းပြီးသကာလ နေတာဟာလည်း၊ ညောင်းမှန်းမသိတာက ဖြစ်ပျက်ကို ပြင်ဘက်က အလင်းမမြင်သေးတော့ကို ဘယ်နည်းနဲ့မှ ထွက်ချင်တဲ့သဘောကကောလာသေးရဲ့လား. . . (မလာပါဘုရား)။

ထွက်ရမှန်းကော သိသေးရဲ့လား. . . (မသိပါဘူးဘုရား)။ အဲဒါကြောင့် ဒကာ ဒကာမတို့ အဝိဇ္ဇာဥခွံကြီးလည်း ပါးပါမှ၊ တဏှာအစေး ခန်းခြောက်ပါမှသာလျှင် ဉာဏ်တည်းဟူသော မျက်လုံးသည် နိဗ္ဗာန်တည်းဟူသောအလင်းကို ကေန်မြင်တယ် (မှန်လှပါဘုရား)။

## ပွားများမှုသည် အထူးအရေးကြီးတယ်

ဒါကြောင့် ထပ်ပြန်တလဲလဲ ပွားမှုသည် ဒကာ ဒကာမတို့ အထူးတလည်အရေးကြီးတော့တယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အထူးတလည်အရေးကြီးလို့ ဒီနေ့လိုရင်း တရားကိုပဲ၊ ဒကာ ဒကာမတွေ ရှုပုံရှုနည်း မပါသေးဘူး၊ လုပ်မှရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချဖို့ရာ အခု ဒီသုတ္တန်ကိုဟောနေတယ်. . . (မှန်လှပါဘုရား)။

## သိသောပုဂ္ဂိုလ်ပွားများမှပြီးမယ်

ဒါလည်း သံယုတ်ပါဠိတော်ပဲ၊ အဲဒါကြောင့် ဒကာ ဒကာမတို့သိသောပုဂ္ဂိုလ်သည် သိရုံနဲ့ပြီးမလား၊ ပွားများမှ ပြီးမလား. . . (ပွားများမှပြီးမှာပါဘုရား)။

အဲဒီ ကြက်မကြီးဥရုံနဲ့ ကြက်ကောင်ဖြစ်မလားတဲ့၊ ဝပ်ခြင်း၊ အပူဓာတ်ပေးခြင်း အနံ့ပေးခြင်းဆိုတဲ့ အလုပ်လုပ်မှ ကြက်ကောင်ကလေးတွေဖြစ်မယ် (တင်ပါ့)၊ ဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။

ဒီမှာလည်း ဒကာ ဒကာမတို့ တရားနာနေရုံနဲ့ ကိစ္စ မပြီးသေးဘူး. . . (မပြီးပါဘူးဘုရား)၊ ပွားများတဲ့အလုပ်တွေ ထပ်ပြန်တလဲလဲလုပ်မှသာလျှင် (လိုရာကိစ္စပြီးမှာပါဘုရား)၊ လိုရာကိစ္စပြီးမယ်ဆိုတာ သဘောကျမလား. . . (ကျပါပြီဘုရား)။

အေး- ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက-

**ဘာဝနာနုယောဂံ အနနုယုတ္တဿ ဘိက္ခုနောဝိဟရ တော ကိဉ္စာပိ ဧဝံဣစ္ဆာ ဥပ္ပဇ္ဇေယျ**

ဘာဝနာတရားကို အားမထုတ်ဘဲနဲ့ နိဗ္ဗာန်ရရင် ကောင်း လေစွ၊ သူ့စိတ်ထဲမှာ ဟုတ်လား၊ '**အဟောဝတ မေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စေယျ**'။

## အိပ်ရာကထပြီး နိဗ္ဗာန်လိုချင်

ငါသည်ကားဆိုရင် အာသဝေါတရားလွတ်ရာရောက်လို့ ရှိရင် ဘယ်လောက်များကောင်းမလဲပွားတော့ မပွားများဘဲနဲ့၊ အိပ်ရာက ထထပြီး၊ နိဗ္ဗာန်လိုချင်လို့တော့ (မရပါဘုရား)၊ မရဘူး၊ မရဘူး၊ ဒကာ ဒကာမတို့။

ရှေးက တောထွက်ရဟန်းကြီးလိုဖြစ်နေမှာလည်း စိုးရ တယ်။ တောထွက်ရဟန်းကြီးက အိပ်ယာကထ တံပူစား၊ ကြမ်း ကြားကို ဒီတံပူလေးအောက်ချလိုက်၊ တံပူတွေတောင်နှယ်ပုံနေ တယ်၊ တံပူစားတိုင်း စားတိုင်းလည်း ညည်းလုံးကထုတ်သေး တယ်၊ ဆရာတော် ဦးဗုဒ် လို စာတတ်ချင်တယ်၊ အိပ်ယာက တံပူးစားပြီး အောက်ချလိုက် ညည်းလိုက်၊ ဘယ်တော့မှမတတ် ဘူး၊ သင်မှမသင်ဘဲ အိပ်နေတာကိုး၊ အိပ်နေလိုက် တံပူစားလိုက် ညည်းလုံးကလေးနဲ့သာနေလိုက်။

ဒီမှာလည်း ဒကာ ဒကာမတွေဟာ ဘယ်နှယ်ကြောင့် မထင်၊ မမြင်ပါလိမ့်မတုံးဆိုတော့ ပွားတာကနည်းနည်းလေး၊ ဈေးဆစ်ချင်တာကစောတယ်၊ ဖြစ်ပါ့မလား. . . (မဖြစ်ပါဘူး ဘုရား)။ မဖြစ်ဘူး၊ မဖြစ်ဘူး ဒကာ ဒကာမတို့ ခင်ဗျားတို့က လိုချင်တဲ့ပစ္စည်းက များလွန်းတယ်၊ လုပ်တာကလေးက. . . (နည်းပါတယ်ဘုရား)။

## တစ်မတ်ဖိုးလုပ်ပြီး တစ်ရာဖိုးလိုချင်

တစ်မတ်ဖိုးလောက်လုပ်ထားတာ တစ်ရာဖိုးလိုချင်တယ်ဆိုတော့ ရပ့ါမလား. . . (မရပါဘူးဘုရား)။

ဒီဒကာ ဒကာမတွေကြည့်ရတာသည်ကားလို့ ဆိုရင် လုပ်တော့ လုပ်သားဘုရား၊ မမြင်ဘူးဘုရား၊ အမယ် သူလုပ်တာ ဘယ်လောက်ပါလိမ့်. . . (တစ်မတ်ဘိုးပါဘုရား)၊ ဟုတ်လား။

## ခင်ဗျားတို့မို့လို့ မရှက်တာ

လိုချင်တယ် ဟုတ်လား၊ အခုန ဉထဲမှာ အမြဲနေရာက လွတ်မြောက်ချင်တဲ့နိဗ္ဗာန်တည်းဟူသော ဉာဏ်က အင်မတန် အဖိုးမဖြတ်နိုင်အောင် တန်နေတဲ့ဟာကြီးကို တစ်မတ်ဘိုး လောက်နဲ့ ရချင်ပြီးတော့ အဖိုးမဖြတ်နိုင်တာကြီးကို သွားဆစ်လို့ ရှိရင်ဖြင့် ခင်ဗျားတို့ပဲ မရှက်ပေဘူးလား. . . (ရှက်ပါတယ်ဘုရား)၊

ဟုတ် ဘူးလား၊ ခင်ဗျားတို့မို့ မရှက်ပေဗျာ. . . (ရှက်ပါတယ် ဘုရား)။

လုပ်တာဖြင့် ဘာမှမကြာသေးဘူး၊ ဘာမှ မကြာသေး ဘူး၊ ဘယ်နှယ်ကြောင့် ဝင်းဝင်းကြီး လင်းလင်းကြီးဆိုတဲ့ နိဗ္ဗာန် ဓာတ်ကြီးလည်း မမြင်ဘာလိမ့်မလဲ၊ တို့လုပ်တာ ဘယ့်နှယ်များ ဖြစ်နေပါလိမ့်၊ တရားများပျောက်နေရော့လား ညည်းချင်လည်း ညည်းလိမ့်မယ်ဗျ၊ မညည်းတတ်ပေဘူးလား . . . (ညည်းတတ် ပါတယ်ဘုရား)၊ ညည်းတတ်တယ်၊ ညည်းတတ်တယ်။

အဲဒီတော့ ဒကာ ဒကာမတွေက စဉ်းစားတာပေါ့၊ အင်း- ကြက်မကြီးအလုပ်ဟာ လိုသေးလို့ပဲ။ ကြက်ဥ မပေါက်သေးတာ . . . (တင်ပါ)။

ကြက်မကြီးအလုပ်က ဘာတုံး၊ ဖြန့်ပြီးသကာလ အတောင်နဲ့ဖြန့်ပြီးသကာလ၊ ကြက်ဥပေါ် အုပ်ရလိမ့်မယ်. . . (တင်ပါ့)၊ အပူဓာတ်ကော ပေးရလိမ့်မယ်၊ အနံ့ကလေးတွေ ကော. . . (ပေးရမှာပါဘုရား)။

ပေးလိုက်လို့ရှိရင်ဖြင့်တဲ့ အဝိဇ္ဇာ အခုန ဥခွံကြီးကလည်း ပါး အစေးကလည်း ခန်းခြောက်၊ အပြင်ဘက်က အလင်းတွေက လည်း ပေါ် ပေါက်လာတော့၊ အတွင်းရှိနေတဲ့ ကြက်ကလေးက နေချင်သေးရဲ့လား. . . (မနေချင်ပါဘုရား)။

## နိဗ္ဗာန်အလင်းကြီးပေါ်လာတယ်

ဒီမှာလည်း နည်းယူတော့လုပ်ပါများလာတော့ အဝိဇ္ဇာကလည်းပါး၊ တဏှာအစေးကလည်း ခန်းခြောက်လာတယ်၊ နိဗ္ဗာန်တည်းဟူသော အလင်းကြီးကလည်း ပေါ်လာတယ်။

အဲဒီတော့ ကျုပ်တို့သည်ကားလို့ဆိုရင် အဝိဇ္ဇာဥခွံထဲက မနေတော့ပါဘူးဟယ်ဆိုတဲ့၊ မဂ္ဂဉာဏ် နိယျာဏဌာ၊ ထွက်မြောက်ကြောင်းဖြစ်လာမယ်၊ မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂင်က. . (မှန်ပါ့)၊ ထွက်ပါတော့မလေဆိုပြီး နိဗ္ဗာန်ထွက်တော့တာပဲ ဟုတ်ပလား။

အဲဒီတော့ ဒကာ ဒကာမတို့ တို့ဘာဖြစ်နေပါလိမ့်မည်းနဲ့၊ အဝိဇ္ဇာ ဥခွံကြီးကလည်း ထူသေးတယ်၊ တဏှာအစေးလည်း များလွန်းသေးတယ်၊ ခြောက်ကို မခြောက်သေးဘူး၊ ပုပ်များနေလား မပြောတတ်ပါဘူး၊ ခြောက်ပလား . . . (မခြောက်သေးပါ ဘုရား)။

အဲဒီတော့ အဝိဇ္ဇာဥခွံကြီးကလည်း ထူတုန်း၊ တဏှာအစေးကလည်း မခြောက်နိုင်ဘဲနဲ့ ကြဲကြဲကြီးနေတုန်း၊ အဲဒါတွေ ကြက်ဥနဲ့တူတဲ့. . .၊ ကိုင်း. . . (၃၁)ဘုံကြီးဟာ တစ်ခါတည်း၊ ထုထူနေတော့ နိဗ္ဗာန်တည်းဟူသော အလင်းခတ်ကြီးဟာ ဒီအထဲ ဝင်နိုင်ပါ့မလား. . . (မဝင်နိုင်ပါဘုရား)။

**ထွက်မြောက်ချင်တဲ့သဘောမလာဘူး**

အဲ- မဝင်နိုင်သေးတော့ အလင်းမမြင်၊ အလင်းမမြင်တဲ့ အခါကျတော့ ကန်ချင်ကျောက်ချင်တယ်ဆိုတဲ့သဘော၊ ထွက်မြောက်ချင်တယ်ဆိုတဲ့ သဘောလာပါအုံးမလား. . . (မလာပါဘုရား)။

အေး. . . ဒါကြောင့် ဆုတောင်းထွက်မြောက်ချင် လောက်သာဖြစ်နေသေးတယ်၊ တကယ်ပြေးလောက်အောင် ထွက် မြောက်ချင်တာက မလာသေးပါ. . . (မလာသေးပါဘုရား)။

မလာသေးတော့ ဒကာ ဒကာမတွေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဝိဇ္ဇာဉဉ်ခွံကြီးကလည်း ဘာဖြစ်နေလဲ. . . (ထူနေပါတယ်ဘုရား)၊ တဏှာအစေးကြီးကကော. . . (မခြောက်သေးပါဘုရား)၊ များနေတယ်၊ ပြင်ဘက်က အလင်းကြီးလည်း မြင်ကို မမြင်ရဘူး. . . (မှန်ပါ့)။

မှောင်နေတယ်၊ ပိတ်နေတယ်၊ အဲဒီတော့ ဖောက်ချင်တဲ့စိတ်ကလေးဆိုတဲ့ မဂ်ဉာဏ်ကလေးက လာဖို့ရာ၊ အလင်းမှ မမြင်ရဘဲနဲ့ လာပါ့မလား. . . (မလာပါဘုရား)။

## အားတော့မလျှော့နဲ့

မလျှော့နဲ့ ဒကာ ဒကာမတွေ၊ အားတော့မလျှော့နဲ့ ဘုန်းကြီးပြောတဲ့အတိုင်း ကြက်သုံးဉာဏ်နဲ့ အလုပ်လုပ်ရင် ကြက်ငယ်ကလေးတွေပေါက်ရသလို။ ခင်ဗျားတို့ သေသေချာချာ သာ ကြိုးစားလို့ရှိရင်ဖြင့် ကြိုးစားတဲ့အချိန်မှာပဲ၊ ဝိဇ္ဇာ မဖြစ်ပေဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

တဏှာအစေးတွေကလည်း ခြောက်လို့ မဂ္ဂသစ္စာဖြစ်လာတော့ ဒကာ ဒကာမတွေ နေရာကျပလား. . . (ကျပါပြီဘုရား)။

မဂ်ဉာဏ်ဆိုတာ ဒကာ ဒကာမတို့လုပ်မှရမယ်ဆိုတာ သေသေချာချာ ကွင်းကွင်းကွက်ကွက်ပေါ်တယ်။

ဘုန်းကြီးက အရင်တုန်းက ဒကာ ဒကာမတွေ လုပ်ကြပါ လုပ်ကြပါ၊ ဆုတောင်းမနေနဲ့ဆိုတာ ဒကာ ဒကာမတွေက ပြောကြတယ်၊ ရှေးလူကြီးတွေလည်း ဆုတောင်းတာပဲ၊ အခုတော့ ဆုတောင်းမရဘူးတဲ့ ဘုန်းကြီးလက်ထက်ကျမှ ခက်ရချည့်ရဲ့။

အခုတော့ ဘုရားကိုယ်တော်တိုင်ကပြောပြီ၊ ဒကာ ဒကာမတို့သိရုံနဲ့မရောက်သေးဘူး၊ ခုတော့ ပွားများမှရောက်မယ် ဆိုတဲ့ အဓိပ္ပါယ်ပါဠိတော်နဲ့တကွ မဟောသေးဘူးလား. . . (ဟောပါတယ်ဘုရား)။

## ဆရာ့ကျေးဇူးကြောင့် ဒီဉာဏ်ရတာ

အဲဒီကဲ့သို့ဟောတာကို ခင်ဗျားတို့ သေသေချာချာ ယုံကြည်ကြသဖြင့် ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင်၊ ကြိုးစားပြီး အရကိုလုပ်လိုက်စမ်းပါ။ ဒီလုပ်တတ်တဲ့ဉာဏ်ကလေးကလည်း ဆရာသမားကျေးဇူး၊ အာစရိယဂုဏော အနန္တောကလေးကြောင့် ရတာနော်. . . (မှန်လှပါဘုရား)၊ အမယ်လေး မလွယ်ဘူး မလွယ်ဘူး။

ခင်ဗျားတို့သန္တာန်မှာ ဝေဒနာရှုပါတယ်ဆိုတာတောင် ခင်ဗျားတို့က မလုပ်ဘူး၊ မလုပ်ပါဘူးဗျ၊ အခုတော့ သွားလျက် လာ လျက်နေတာပါပဲလို့ ပြောချင်ပြောနေတာ. . . (ပြောကြပါတယ်ဘုရား)။

သွားလျက် လာလျက်ပါဘုရား၊ အရှင်ဘုရားက နိမိတ် မရှိတာမသုံးစမ်းပါနဲ့၊ အမလေး ဘုန်းကြီးကို ရန်တွေ့လိုက်သေး တယ်. . . (ရှေးကတော့ ဟုတ်တယ်ဘုရား)၊ ရှေးကတော့ ဟုတ်တယ်တဲ့၊ အခုတောင် တစ်ခါတလေကျ ငါကျန်းမာတုန်း သွားလိုက်အုံးမယ်က လာသေးတယ်. . . (မှန်ပါ့)၊ အခုတောင် အခုတောင် ရှေးကမဟုတ်သေးဘူး. . . (မှန်လှပါဘုရား)။

## ဝေဒနာပေါ်တာရှိသေးရဲ့လား

အိမ်ကမမကြီးက မဟုတ်ပါဘူး ဒီနေ့တော့ မသွားပါနဲ့

နည်းနည်းနေကောင်းပါတယ်၊ ငါသွားလိုက်မယ်၊ အမလေး ကျန်းမာတုန်းသွားတဲ့နောက်ကို မကျန်းမာ ဘာမှပစ္စည်းဥစ္စာ ရတနာရှာလို့ဖြစ်မှာမဟုတ်ဘူးဆိုတော့ ဝေဒနာပေါ်တာကို ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

စက်ဘီးစီးပြီးပြေးတော့တာပဲ၊ ဟုတ်ဘူးလား၊ ခိုင်းတာ လေ၊ အဲဒီတော့ ဝေဒနာရှုနိုင်သေးရဲ့လား. . . (မရှုနိုင်ပါဘုရား)၊ အဲဒီတော့ ဝေဒနာရှိမှန်းသိသေးရဲ့လား. . . (မသိပါဘူးဘုရား)။

မသိတာက ကြည့်စမ်း၊ နေကောင်းထိုင်သာရှိတုန်းက မသွားလိုက်ရင် ကွာတဲ့၊ နေမကောင်း ထိုင်မကောင်းရှိတော့ ဘယ်နှယ်လုပ်မလဲ၊ ဒါတွေ အလုပ်တန်းလမ်းဖြစ်ကုန်မှာပေါ့၊ ဆိုတော့ ကျန်းမာလို့သွားတဲ့အပြော မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

## ဆရာသမားနဲ့သာမတွေ့ရင်

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီဆရာသမား နဲ့သာ မတွေ့မယ်ဆိုလို့ရှိရင်ဖြင့် ဝေဒနာတစ်ခုတည်းလည်း မသိ မထနိုင်တာ၊ ခေါင်းကိုက်တာ ဒုက္ခဝေဒနာတစ်လုံးပဲသိတယ်။

ဒါတောင် ဒုက္ခဝေဒနာလို့သိတာမဟုတ်ဘူး၊ ကြည့်စမ်း ပါလား နီနီလေးလို့ပြောတာ၊ အနာနီနေလို့ပြောတာ၊ အနာ ပေါက်လို့နီလို့ လူမှာအနာ. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ တကယ့်အနာမြင်တာလား၊ ရုပ်မြင်တာလား. . . (ရုပ်မြင်တာပါဘုရား)၊ အဲဒါ အနာလို့တောင် လက်ညှိုးထိုးပြောနေတယ်၊ ကိုယ်က တကယ်ပဲ ဒီအနာကို မမြင်ပါဘူးလို့ဆိုရင် အကန်းလားတောင်မေးချင်မေးနေဦးမယ်. . . (မှန်ပါဘုရား)။

သူကတောင် ပြန်တရားစွဲဦးမလိုလို ကျနေတယ်၊ စင်စစ်တော့ ဒီအနာဟာ ခင်ဗျားတို့ မြင်နေရတာဖြင့် နာတာကလေးကမှ ဝေဒနာမို့လား၊ အဲဒါ သူက နီနေတာလေး မမြင်ဘူးလား၊ နင့် မျက်စိအကန်းလား၊ ဒီအနာပေါက်နေတာလေး ပြောနေတယ်၊ ဒီလောက်တောင် ဖူးဖူးရောင်နေတာကို မမြင်ဘူးတဲ့။

## အနာမဟုတ်ဘူး

အမလေး သူကတောင် ရန်တွေ့သေးတယ်၊ အနာလည်းမဟုတ်ဘူး၊ သူပြောတာက၊ သူပြောတာက နီနီအစင်းကြီးနဲ့ ဖူးဖူးရောင်နေတာကြီး၊ ပထဝီဓာတ်၊ ဝါယောဓာတ်တွေ လောင်နေတာကြီးပြောတာ။

အဲဒါ အနာမမြင်ဘူးလားဆိုပြီးကြည့်တဲ့ပုဂ္ဂိုလ် အကန်းလုပ်လိုက်သေးတယ်၊ ကန်းတာက ဘယ်သူက ကန်းတာတုံး. . (သူကကန်းတာပါဘုရား)၊ အနာပေါက်တဲ့ပုဂ္ဂိုလ်က ကန်းတာ . . . (မှန်ပါ)။

သို့သော်လည်း အခုတော့ အကန်းအကန်းချင်းဆိုတော့ နေရာတော့ကျပါပြီ၊ သူကလည်း အဲဒီ နီနီကြီးဟာ အနာပဲ၊ အေး ဟုတ်ပြီ၊ ဖြစ်မှဖြစ်ရပလေ ဒီအနာကြီး အတော်ကြီးပါလား၊ အကန်းအကန်းချင်းဆိုတော့လည်း အမှန်မြင်ရာကျရဲ့လား. . . (မကျပါဘုရား)၊ သူကလည်း အကန်းအမြင်၊ ဒီကလည်း အကန်း အမြင်၊ သူကလည်း လှည်းလမ်းတစ်ကြောင်းတွေ့၊ ကိုယ် ကလည်း လှည်းလမ်းတစ်ကြောင်းတွေ့၊ ဒါလှည်းလမ်းပဲ နှစ်ကြောင်းဟာ ကိုယ်မြင်တဲ့အမှတ်သာ မပျောက်စေနဲ့၊ ဒါ လမ်းကောင်းပဲဆိုပြီး ဘယ်လောက်ကြာကြာ သွားမှာပဲ. . . (မှန်ပါ့)။

ဒီလို ဖြစ်နေတာဗျ၊ ဘယ်လောက်ဆိုးဝါးနေသလဲ ဒကာ ဒကာမတို့။

## ဝေဒနာပေါ်မှာ ဉာဏ်နဲ့ဝပ်

အဲဒါကြောင့် ဒကာ ဒကာမတို့ အခု ဆရာသမားနဲ့တွေ့ လို့ ဝေဒနာပေါ်မှာ ဉာဏ်နဲ့ ဝပ်မှရမယ်၊ ရှေ့ဆက်လိုက်လို့ရှိရင် ဘယ်နည်းနဲ့မှ ဒီဉာဏ်သည်ကားလို့ဆိုလို့ရှိရင် ဒုက္ခသစ္စာပဲ၊ ဒီဝေဒနာသည် ဒုက္ခသစ္စာမဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ် ဘုရား)။

သူ့ကို ဒုက္ခသစ္စာမမြင်လို့ရှိရင် အဝိဇ္ဇာဥခွံကြီးထူလို့ ဖြစ်မှာပဲ၊ တဏှာအစေးဟာ ခန်းခြောက်စရာအကြောင်း. . . (မမြင်ပါဘုရား)၊ အဝိဇ္ဇာဥခွံထူသလောက် နိဗ္ဗာန်တည်းဟူသော အလင်းဓာတ်က ပေါ်နိုင်သေးရဲ့လား. . . (မပေါ်နိုင်ပါဘူး ဘုရား)။

အဲဒီတော့ ထွက်မြောက်ချင်တဲ့၊ ကြက်ကလေး ထွက်မြောက်ချင်တဲ့စိတ် ဘယ်နည်းနဲ့မှ အလင်းမမြင်တော့ မပေါ်သလို၊ ဒကာ၊ ဒကာမတွေလည်း နိဗ္ဗာန်တည်းဟူသော အလင်းကို အဝိဇ္ဇာချေးထူနေလို့ အမြင်ကျဉ်းနဲ့သာမြင်တာ၊ ဘယ်မှာ သာလျှင်ထွက်မြောက်ချင်တဲ့စိတ်သည် ပေါ်နိုင်ပါ့မလဲ. . . (မပေါ်နိုင်ပါဘုရား)။

## ဉာဏ်နဲ့ရှုနေပါ

ဒါကြောင့် ဝေဒနာတွေနဲ့ဖောက်ပြန်တလဲလဲ ဝေဒနာတည်းဟူသော တရားပေါ်၌ ဉာဏ်တည်းဟူသော တရားသည် အမြဲတမ်းပို့ပေးပါ. . . (မှန်လှပါဘုရား)၊ ရှုပေးပါဆိုတာပါပဲ (တင်ပါ့)၊ ရှုပေးပါတယ်တဲ့၊ ရှုပေးပါ၊ ရှုပေးပါ။

မရှုရင်မဖြစ်ပါဘူး၊ ရှုမှသာလျှင်ဖြစ်နိုင်တယ်။ အဲဒီတော့ ရှုနေပါလို့ ဘုန်းကြီးကပြောပါတယ်၊ ဒကာ ဒကာမတို့။

ခင်ဗျားတို့က အခုဆို ယခု ရှုရမှာလားဆိုတော့၊ သူကိုယ်တိုင်က ရှုပါလို့ခိုင်းတယ်၊ သူ့ကိုယ်၌က ရှုပါလို့ခိုင်းတယ် ဒကာစိန့. . . (တင်ပ့ါ)။

သူက ရှုပါလို့ခိုင်းတယ်၊ ဧဟိပဿိကော၊ ဧဟိ-လာခဲ့၊ ပဿ-ရှုစမ်းပါလို့ ဝေဒနာက မခေါ်ဘူးလား. . . (ခေါ်ပါတယ်ဘုရား)။

ခင်ဗျားတို့က မကြားချင်ယောင်ဆောင်နေတာက ခက်တယ်၊ ခင်ဗျားတို့က မကြားချင်ယောင်ဆောင်နေတာက ခက်တယ်၊ တရားဂုဏ်တော်ခြောက်ပါးထဲမှာ ဧဟိပဿိကောလို့ မလာဘူးလား. . . (လာပါတယ်ဘုရား)။

## လာပြီးရှုစမ်းပါ

ဧဟိက မြန်မာလိုပြန်တော့ လာခဲ့၊ ပဿ-ရှုပါ၊ ဝေဒနာက လာပြီးရှုစမ်းပါ. . . (တင်ပါဘုရား)၊ ကျုပ်ဟာဖြစ်ပျက်ပါပဲလို့ ပြောချင်လွန်းလို့၊ ခင်ဗျားတို့ကို ခင်စရာ၊ မင်စရာ၊ ကျင်နာစရာ၊ သူ့အပေါ်မှာ တစ်ကွက်မှမရှိပါဘူး လာကြည့်စမ်းပါလို့တော့ ပြောသားဗျ. . . (ပြောပါတယ်ဘုရား)။

ပြောပေမယ့် တစ်ခါတလေကျတော့ ခင်ဗျားတို့က သွားတော့ သွားသားဗျ၊ သွားပေမယ့်လည်း သူက ဖြစ်ပြီးပျက်တာကို မမြင်ဘူး၊ ခင်ဗျားတို့ကလည်း ဒီလိုချမ်းသာလို့ရှိရင်ဖြင့် နိဗ္ဗာန်တောင်မလိုချင်ဘူးတဲ့။

## ပြတာမယူ၊ မပြတာယူတယ်

ခင်ဗျားတို့က ချမ်းသာလည်းထင်လိုက်သေးတယ်၊ ဖြစ်ပျက်မြင်ခဲ့ရဲ့လား. . . (မမြင်ခဲ့ပါဘူးဘုရား)၊ အဲဒီလို ခင်ဗျားတို့ကလည်း တကယ်ပြတာမယူဘဲနဲ့၊ မပြတာမြင်ပြီးယူကြတော့၊ ဒကာ ဒကာမတွေ ဘယ်မှာသာလျှင် ထွက်ရာလမ်းပေါက်နိုင်ပါ့မလဲ. . . (မပေါက်နိုင်ပါဘုရား)။

ကိုင်း- ဒီနေ့ကစပြီးသကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဧဟိပဿိကောနဲ့ အလုပ်လုပ်စမ်းပါ. . . (တင်ပါ့ဘုရား)၊ ဧဟိ-လာခဲ့၊ ပဿ-ရှုပါလို့ ဝေဒနာကခေါ်တယ်. . . (မှန်ပါ့)။

သုခဝေဒနာလေးရောက်လာတယ်၊ ဖြစ်ပြီးပျက်ပါတယ်ဆိုတာ သူ မပြောဘူးလား. . . (ပြောပါတယ်)၊ အဲဒါ သူကခေါ်ပြောတာပဲ ခင်ဗျားတို့နာမ်ကလေးက သူခေါ်တဲ့ဆီ လိုက်ရုံပဲ (တင်ပါ့) ဟုတ်ပလား. ။

## ဉာဏ်ကလိုက်ပါ

ဒုက္ခဝေဒနာလေးကလည်း ဖြစ်ပြီးပျက်ပါပြီလို့ သူက မပြောဘူးလား. . . (ပြောပါတယ်)၊ သူပြောတော့ ဒီဉာဏ်ကလေးက လိုက်လိုက်ကြပါ. . . (မှန်ပါ့)။

နမ်ကလေးက လိုက်လိုက်သွားတော့ ဥပေက္ခာဝေဒနာကလေးကလည်း ဖြစ်ပြီးပျက်တာပါပဲလို့မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

အဲဒီတော့ ဉာဏ်ကလေးက လိုက်တာပါ၊ ဟေ့ပသသီကော ဆိုတဲ့အတိုင်း လာပါ ရှုပါလို့ ခေါ်နေတာ ခင်ဗျားတို့က ဆူပူမနေနဲ့. . . (မနေပါဘူးဘုရား)၊ ဖွဲ့နွဲ့ပြီးမနေလိုက်ပါနဲ့၊ ဆင်ခြေလဲ မနေလိုက်ပါနဲ့၊ ဟုတ်ပလား။

ဒကာစိန်တို့က ဆင်ခြေသိပ်များတယ်၊ ဒီနေ့ မအားလို့တဲ့ ဒကာစိန်ကလေး၊ ဒီနေ့ မအားလို့တဲ့ဗျ. . . (တပည့်တော်မလဲပါဘူးဘုရား)၊ မဟုတ်ဘူး လုပ်ချင်သလိုလုပ် ဝိပဿနာပေးမယ်။

မအားတဲ့နေရာက ဝိပဿနာပေးရမယ်၊ ဒကာ ဒကာမတို့ မအားတာသည်ကားလို့ဆိုလို့ရှိရင်၊ ဆိတ်ဆိတ်နေတယ်၊ အလုပ်လုပ်နေတယ်။

## မအားတာ ဘယ်ဝေဒနာရှုရမလဲ

အဲဒီတော့ ဆိတ်ဆိတ်နေတယ်ဆိုတာ ဒုက္ခဝေဒနာရှု၊ မအားတာ ဒုက္ခဝေဒနာ. . . (မှန်ပါ့)၊ မအားတာ ဘယ်ဝေဒနာရှုရမလဲ. . . (ဒုက္ခဝေဒနာ ရှုရမှာပါဘုရား)၊ အမလေး မအားလို့ဆိုပြီဗျာ၊ ဝိပဿနာမရှုဘဲ မနေလိုက်ပါနဲ့၊ မအားတာ ဝေဒနာပေါ်တာ. . . (မှန်လှပါဘုရား)။

မအားတာ ဘာဝေဒနာပေါ်တုံး. . . (ဒုက္ခဝေဒနာပါဘုရား)၊ ရှုပါလား ဒကာ ဒကာမတို့တွေ မအားတော့ (မှန်ပါ့)၊

ရှုပေး ရှုပေး။ မအားတာ ဘာဝေဒနာပေါ်တုံး. . . (ဒုက္ခဝေဒနာ ပေါ်တာပါဘုရား)။

မအားတာ ဘယ်သူပါလိမ့်ဆိုလို့ရှိရင်ဖြင့် ဒုက္ခဝေဒနာ မို့ အင်း-မအားတာပဲ၊ ဖြစ်ပြီးပျက်တာ ရှုမဟုတ့်ဆိုပြီး ရှုလိုက်လို့ ရှိရင်ဖြင့် မအားတာနဲ့ပဲ ခင်ဗျားတို့ ဝိပဿနာမဂ်ဉာဏ် ရတာပဲ (မှန်လှပါဘုရား)။

ဒကာစိန်ရေ. . . (မှန်ပါ့)၊ မအားတာ မရှုတတ်လို့ပေါ့။ ရှုတတ်တော့ အင်မတန် ကျေးဇူးများတယ်၊ ကိုင်း- ဒကာစိန်ရဲ ဒကာစိန်ကိုပဲ ဟောရမှာပေါ့ဗျာ. . . (တင်ပါ့)။

## ခေါင်းကိုက်နေလို့ မရှုနိုင်ဘူး

အဲဒီတော့ ဒကာစိန်ရေ . . . ဒီနေ့တော့ဖြင့် ခေါင်းကိုက် နေ လို့ မရှုနိုင်ဘူး၊ အမလေး ဒကာ ဒကာမတို့ ခေါင်းကိုက်တာ ဘာဝေဒနာတုံး. . . (ဒုက္ခဝေဒနာပါဘုရား)။

သူက လာရှုပါ ခေါင်းကိုက်နေပါတယ်လို့ မပြောဘူး လား. . . (ပြောပါတယ်ဘုရား)၊ ဒုက္ခဝေဒနာမို့ သူဖြစ်ပျက်နေပါ တယ်လို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)၊ အဲတော့ ခေါင်းကိုက်နေလို့ တရားမရှုနိုင်ဘူးဆိုတော့၊ တရားပြလို့ မရှုနိုင် ဘူးလို့ ဆိုချင်ဆိုပါဗျာ၊ ဟုတ်ပလား၊ ခေါင်းကိုက်နေလို့ တရား မရှုနိုင်ဘူးလို့တော့ မသုံးပါနဲ့. . . (မသုံးပါဘူးဘုရား)။

မသုံးဘဲနဲ့ အိပ်နေရင်တော့ မကောင်းဘူးဗျ၊ မဟုတ်ဘူးလား၊ အလကားသက်သက်အိပ်နေရင်ကော မကောင်းဘူးဗျ. . (မှန်ပါ့) မသုံးနဲ့ မသုံးနဲ့ အိပ်နေလိုက်ဦးမယ် ခေါင်းကိုက်ကလေးသက်သာအောင်. . . (တင်ပါ့)။

လူတွေက တကယ်ပဲဖြစ်တတ်တယ်၊ အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ ခေါင်းကိုက်နေတာနဲ့ ဒီ သူတော်ကောင်းအလုပ်တောင်မှ မရတဲ့ခရီးဆိုရင်ဖြင့် ဒါ အရှုံးတစ်မျိုးပဲ . . . (မှန်လှပါဘုရား)။

အရှုံးတစ်မျိုးပဲလို့ ဆုံးဖြတ်ချက်မချနိုင်ဘူးလား. . . (ချနိုင်ပါတယ်ဘုရား)။

## ခေါင်းကိုက်တာ ဘာဝေဒနာတုံး

ခေါင်းကိုက်တာ ဘာဝေဒနာတုံး. . . (ဒုက္ခဝေဒနာပါဘုရား)၊ အဲ- ဒီဒုက္ခဝေဒနာကလေးဟာလည်း ဖြစ်ပြီးပျက်တယ်လို့ ဉာဏ်ကရှုနေမယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဝိပဿနာမဂ်ဉာဏ် မရဘူးလား. . . (ရပါတယ်ဘုရား)။

ဒါဖြင့် ခေါင်းကိုက်နေလို့ အလုပ်မလုပ်ပါဘူး ဆရာဘုန်းကြီး ဆုံးမထားတာလေးတွေ၊ ဒီနေ့ဖြင့် မလုပ်ဖြစ်ဘူးဆိုလို့ရှိရင်ဖြင့် ဩော်- တရားရှိလို့မလုပ်ဖြစ်တာထင်ပါရဲ့၊ တရားက ခေါ်နေလွန်းလို့ ရှုပါ၊ ရှုပါလို့ ခေါ်နေလို့ သူ မသွားတာထင်ပါရဲ့၊ ဒီလို ဆုံးဖြတ်ချက်ချရမယ်. . . (တင်ပါ)။

ဒကာစိန်တို့လို လူမျိုးတွေပေါ်ရောပေါ့ဗျာ၊ မပေါ်သေးဘူးလား. . .(ပေါ်ပါတယ်ဘုရား)၊ ကဲ- ဒကာစိန်ရေ . . . ခေါင်းကိုက် စမ်းပါစေ ဒကာစိန်ရေ. . . (ကိုက်စမ်းပါစေ ဘုရား တပည့်တော် ဝေဒနာမှန်းကို ရှုပ့်မယ်ဘုရား)၊ အေး- ကိုက်စမ်းပါစေ . . . နေရာ ကျသွားပြီ။

## ခေါင်းကိုက်ရင် နိဗ္ဗာန်ရောက်မယ်

ကိုက်စမ်းပါစေ၊ ကိုက်ရင် နိဗ္ဗာန်ရောက်မယ်၊ မသေချာသေးဘူးလား. . . (သေချာပါတယ်ဘုရား)၊ ကိုက်ရင် ဒကာစိန်ရဲ ကိုက်တဲ့နေရာကို ဖြစ်ပျက်ရှုမယ်လေ၊ ဖြစ်ပျက်ရှုတဲ့အလုပ်မှာ ဖြစ်ပျက်က ဒုက္ခသစ္စာဖြစ်၊ ရှုတဲ့ဉာဏ်က မဂ္ဂသစ္စာ(မှန်ပ့ါ)၊ ဖြစ်တော့ အမယ်. . . ဝေဒနာက ဝေဒနာတို့၏ ချုပ်ရာတောင် ရောက်သွားလိမ့်မယ်။

ဒီဝေဒနာကြီးရဲ့ ဒုက္ခသစ္စာမြင်၊ ဒုက္ခသစ္စာမြင်တော့၊ ဒကာ ဒကာမတွေ ဉာဏ်က မဂ္ဂသစ္စာဖြစ်၊ အဲဒီတော့ ခေါင်းကိုက်ပျောက်သုဉ်းငြိမ်းရာ နိဗ္ဗာန်ကို ဒီဉာဏ်က မပို့ပေဘူးလား၊ ဒါဖြင့် ဒကာ ဒကာမတို့ ခေါင်းကိုက်ပျောက်ဆေးကြပ်ကြပ်ရှုပေး၊ ဆရာဝန် မခေါ်နဲ့. . . (မှန်လှပါဘုရား)၊ ဟုတ်ပလား။

ခေါင်းကိုက်ပျောက်ဆေး ဘယ်နှယ်လုပ်ရမှာတုံး. . . (မင်္ဂနဲ့ရှုပေးရမှာဘုရား)၊ မင်္ဂနဲ့ ရှုပေး. . . (မှန်ပ့ါ)။

## လေနာတယ်

ကိုင်း. . . ဒကာ ဒကာမတို့ လေနာတယ်၊ လေက နာတာလား၊ ဒုက္ခဝေဒနာက နာတာလား. . . (ဒုက္ခဝေဒနာက နာတာပါဘုရား)၊ အဲ ဒုက္ခဝေဒနာက နာတာ၊ ဒုက္ခဝေဒနာက နာတာကို ဒကာ ဒကာမ တွေက လေနာလွန်းလို့ နှိပ်ပေးစမ်းပါ။

အမယ် ဘယ်နှိပ်ရမှာတုံး၊ ဒုက္ခဝေဒနာ ပေါ် နှိပ်ရမှာလား၊ လေကိုနှိပ်ရမှာလား၊ ပြောပဲ မပြောတတ်ပါဘူး၊ သူကပြောနေတာကိုဗျ၊ လေကပြောနေတယ် ဒကာ ဒကာမတို့၊ လေကပြောနေတယ် သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဒုက္ခဝေဒနာကနာတာ

ဘယ်လေမှ နှိပ်နေနဲ့ အပိုပဲ၊ လေနာတာက ဘယ်သူက နာတာတုံး၊ (ဒုက္ခဝေဒနာက နာတာပါဘုရား) ဒုက္ခဝေဒနာက နာတာ၊ အဲဒီဒုက္ခ ဝေဒနာကို နှိပ်လို့ကောပျောက်မှာလား. . . (မပျောက်ပါဘုရား)။

ကိုင်း ဒုက္ခဝေဒနာကို ပျောက်ချင်လို့ရှိရင် သူ့ကို ဖြစ်ပျက်ရှုပေး၊ (မှန်ပါ့) ဟုတ်ပလား၊ သူ့ကိုဖြစ်ပျက်ရှုပေးတော့ သူက ဒုက္ခသစ္စာ၊ တစ်ခါတည်း ဖြစ်ပြီးပျက်သွားတော့ ဒုက္ခဝေဒနာလေး ရှိသေးရဲ့လား (မရှိပါဘုရား) အဲဒီတင် အနာပျောက်ပြီ။

ဒီဖြစ်ပျက်လို့ ပြောရင်လည်း၊ ဒုက္ခဝေဒနာ သတ္တဝါကို

နိုပ်စက်နိုင်သေးရဲ့လား၊ (မနှိပ်စက်နိုင်ပါဘုရား) ဒါကြောင့် ပျောက်သွားပြီဗျ၊ အဲဒီကဲ့သို့ ဉာဏ်လေးနဲ့ ရှုနေတဲ့အခါကျတော့၊ ဒုက္ခဝေဒနာလေးဟာ ပြတ်ပြတ်ထွက်မသွားဘူးလား (သွားပါတယ်ဘုရား)။

## မဂ္ဂသစ္စာမြင်တယ်

အေး - ဒုက္ခဝေဒနာလေးဟာ ပြတ်ပြတ်ထွက်သွားတော့၊ ခေါင်းကိုက်ပျောက်ပြီ၊ လေနာပျောက်ပြီ၊ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား) အဲဒါယခုရှိသေးတာ ပျောက်သေးတယ်၊ (မှန်လှပါ) သူ့ဒုက္ခသစ္စာမြင်လိုက်တဲ့အတွက် ဒုက္ခဝေဒနာလေး ဒုက္ခသစ္စာမြင်လိုက်တဲ့အတွက် မဂ္ဂသစ္စာကလည်း၊ ဒကာ ဒကာမတို့ အဝိဇ္ဇာဥခွံကြီးမှ ဖောက်ထွင်းပြီးသကာလ နိဗ္ဗာန် တည်းဟူသော အလင်းဓါတ်ထဲပြေးမိသေးတယ်။

ပြေးလိုက်တော့ ဒီဒုက္ခသစ္စာကြီးနဲ့ လွတ်ကျွတ်မသွားဘူးလား. . . (သွားပါတယ်ဘုရား)၊ အဲဒီကဲ့သို့ လွတ်ကျွတ်သွားတာသည် ဒကာ ဒကာမတို့ ကျင့်တဲ့ပုဂ္ဂိုလ်မှ လွတ်ကျွတ်တယ်၊ မကျင့်တဲ့ပုဂ္ဂိုလ် . . . (မလွတ်ကျွတ်ပါဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ **မဂ္ဂသနိယျာနဋ္ဌော** **မဂ္ဂဿ** - ရှုသောမဂ်ဉာဏ်၏ **နိယျာနဋ္ဌော**-ဒုက္ခဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ကြောင်းဖြစ်သော အနက်သဘောသည်လည်း ကောင်း (မှန်ပါ)။

သဘောကျပလား (ကျပါပြီ) ကျွတ်လွတ်ထွက်မြောက်ကြောင်းဖြစ်သောဆိုတဲ့ ဥစ္စာသည်၊ သူ့လွတ်မြောက်မှုကို ဒကာဒကာမတို့ရှုတဲ့ ဉာဏ်ကလေးက ကျေးဇူးပြုလိုက်တော့မယ်ဆိုတာ သေသေချာချာမှတ်ပါ။

## ကြပ်ကြပ်ပွားများပါ

ဒါဖြင့် ကြပ်ကြပ်ပွားများပြီးသကာလ၊ ကြပ်ကြပ်ရှုပေးပြီးဘုန်းကြီးတို့ ဒကာ ဒကာမမှာ အဝိဇ္ဇာထုကြီးက ပါးလေလေ၊ တဏှာအစေးကခန်းခြောက်လေလေ၊ နိဗ္ဗာန်အလင်းဓာတ်ကြီးက လင်းလေလေ၊ မဂ်ဉာဏ်လေးကလည်း၊ တစ်ခါတည်းမြင်လေ လေ၊ (မှန်လှပါဘုရား)။

အဝိဇ္ဇာထုမရှိတော့ သူကလာပြီး၊ သူ့ချည့်ပဲပေါ်ရတာပေါ့ဗျ . . . (တင်ပါ့ဘုရား) အဲဒီကဲ့သို့ မြင်လာလေလေ၊ ဆိုတာသဘောကျပလား . . . (ကျပါပြီဘုရား)။

## ပန်းတိမ်သည်ကလေး

အေး ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဟိုပန်းတိမ်သည်လေး ဟောတဲ့ဝတ္ထုကြည့်ပါ၊ ပန်းတိမ်သည်ကလေးသည် ကားလို့ဆိုလို့ရှိရင်၊ ရှင်သာရိပုတ္တရာကတရားပေးတယ်၊ အသုဘတွေချည်းပေးနေတယ်. . (မှန်လှပါ)။

ဝါတွင်းသုံးလရှိပြီ တရားမရဘူး၊ ရှင်သာရိပုတ္တရာက ပါးတယ်ပါးတယ်နဲ့ ဒီကိုယ်တော်နဲ့ကျတော့ အချော်ကြီး ချော်သွားတာပေါ့ဗျာ . . . (မှန်ပ့ါ)။

ဟိုကိုယ်တော်ကပန်းတိမ်သည် ဘဝကလာတယ်ဆို တော့ အလှုကြိုက်တယ်၊ သူက အသုဘကမ္မဋ္ဌာန်းပေးထားတော့ ဟိုကိုယ်တော်ကစက်ဆုတ်ပြီး၊ ဒေါသချည်းဖြစ်နေတာကိုး (မှန်ပ့ါ)။

တရားတွေ အားထုတ်လို့မရဘူး၊ ဟုတ်ပလား၊ အဲဒီကဲ့ သို့ ပန်းတိမ်သည်ဘဝချည်း ငါးရာတောင်ပန်းတိမ်သည်ချည်း လုပ်ခဲ့တာပဲ၊ ကိုယ်တော်မြတ်ကြီးကလည်း စရိုက်ကို ချိန်ကြည့် မနေဘူး (တင်ပါဘုရား)။

## အသုဘကမ္မဋ္ဌာန်းပေးတယ်

ကွာ. . . အသုဘကမ္မဋ္ဌာန်းသာ စီးမြန်းစမ်းပါကွာတဲ့၊ ဝါတွင်းသုံးလပြည့်တယ်၊ ပထမလဘယ့်နှယ်နေသတုံး. . ၊ ဘယ့်နှယ်မနေဘူးဘုရား. . . (မှန်ပါ)။

ဒုတိယလ သွားမေးတယ် ဘယ့်နှယ်နေသတုံး. . . ဘယ့်နှယ်မနေဘူးဘုရား၊ တတိယလ သီတင်းကျွတ်သွား မေးတယ် မင်းဘယ့်နှယ်နေသတုံး. . . ဘယ့်နှယ် မနေဘူးဘုရား၊ အင်း. . မင်းခက်ပ့ါကွာ၊ ဆိုပြီးကိုယ်တော်ကြီးတောင် စိတ်ပျက် လာတယ် . . . (မှန်ပ့ါဘုရား)။

မင်းငါ ချွတ်လို့ရမယ့်ကောင်မဟုတ်ပါဘူး၊ ဘုရားထံပို့မှပဲ၊ (မှန်ပါ)၊ ဘုရားထံမပို့ဘူးလားဗျာ. . . (ပို့ပါတယ်ဘုရား)၊ ပို့တဲ့ အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကသိတယ်။

အင်း . . . ရှင်သာရိပုတ္တရာတော့ ချော်နေပြီ. . . (တင်ပါ)၊ ဘယ့်နှယ်ပန်းထိမ်သည် ဘ၀ကချည်းလာတာ အင်မတန်အလှအပကြိုက်နေတာ. . . (မှန်လှပါဘုရား)၊ အလှအပ ကြိုက်နေတာ အသုဘကမ္မဋ္ဌာန်း မတင့်တယ်တာကြီးပေးတော့ သုစရိုက်နဲ့ တော်သေးရဲ့လား. . . . (မတော်ပါဘုရား)။

တရားအားထုတ်လိုက်၊ အော်ဂလီဆန်လိုက်ဖြစ်နေတယ်၊ ရပါဦးမလား. . . (မရပါဘူးဘုရား)၊ အဲဒီလိုဖြစ်နေတယ်၊ ဒကာ၊ ဒကာမတွေရ. . . (မှန်ပါ)။

အေးဒါကြောင့် ဒကာ၊ ဒကာမတို့ တရားအားထုတ်လို့ရှိရင်လည်း အော့်ဂလီဆန်တဲ့ တရားကလည်းရှိသေးတယ် . . . (ရှိမှာပါဘုရား)၊ ရှိတယ်၊ ရှိနေတယ်၊ သေချာမှတ် ခင်ဗျားတို့. . . . (မှတ်မိပါပြီဘုရား)။

အဲဒါက သမထစခန်း၊ ဝိပဿနာစခန်းကတော့ ဒကာ ဒကာတို့ ကိုယ်ကမရွေးရဘူး၊ ဖြစ်ပျက်သာ မြင်အောင်ကြည့်ဆိုတော့ဟုတ်လား၊ ဘယ်ပုဂ္ဂိုလ်မဆိုမြင်အောင်ကြည့်မှပဲဖြစ်မယ် . . . . (တင်ပါ) ဘယ်ပုဂ္ဂိုလ်မဆို ဖြစ်ပျက် မြင်အောင်ကြည့်ရမှာပဲ။

## ဘုရားထံခေါ် သွားတယ်

ဖြစ်ပျက်မြင်အောင်ကြည့်လို့ရှိရင် ဝိပဿနာအလုပ်ဟာ အထမြောက်တာပါပဲ. . . (မှန်ပါ့)၊ အဲဒီမှာ အသုဘကမ္မဋ္ဌာန်းဆိုတာ သမထကိုးဗျ၊ ဒါထက်ရှင်သာရိပုတ္တရာက မင်းအားမရပါဘူးကွာ ဘုရားဆီလိုက်ခဲ့၊ ငါချွတ်လို့မရပါဘူး၊ ဘုရားချွတ်မှရမည့် ပုဂ္ဂိုလ်နဲ့တူပါတယ်။

## ချော်လာလို့ခေါ် လာပြီ

ဟိုမှာ ဘုရားကတော့သိနေပြီ၊ ရှင်သာရိပုတ္တရာချော်လာလို့ သူ့တပည့်ခေါ် လာပြီဆိုတာသိနှင့်ပြီ၊ ဒါနဲ့ကိုယ်တော်ကြီးက အပြစ်လည်းမတင်ချင်ပါဘူး၊ ရှင်သာရိပုတ္တရာကို အပြစ်တင်ပြန်လည်း သူ့ကျေးဇူးရှင်ဟောင်း အပြစ်တင်လို့တော်ပါ့မလား. . . (မတော်ပါဘူးဘုရား)။

ဒကာစိန်ရေ. . . ဒကာစိန်တို့များ ကျုပ်ကမလုပ်လို့များ တော့အပြစ်တင်လိမ့်မယ် မအောက်မေ့နဲ့။

အဲဒီကဲ့သို့ အပြစ်မတင်ဘဲနဲ့ သာရိပုတ္တရာ မင်းဘယ့်နှယ်တုံး၊ ဒီကိုယ်တော်ကလေး ဒီလို၊ ဒီလိုဖြစ်နေတာ၊ ဝါတွင်းသုံးလ ပါတ်လုံး အသုဘ ကမ္မဋ္ဌာန်းပေးတာ၊ ဘာမှ ကျေးဇူးမများဘူးတဲ့ သူ့ကို ဘယ်အချိန်သွားမေးမေး၊ ဘာမှခရီးမရောက်သေးပါဘူး ပြောတယ်။

## ရှင်သာရိပုတ္တရာကိုညနေလာခိုင်းတယ်

အဲဒါကြောင့် တပည့်တော်ဖြင့် မရဘူး၊ အရှင်ဘုရား ဆီပဲ အပ်ပါတယ်ဘုရား။ ဆိုတော့ အေးအေးမင်းညနေလာခဲ့ တော့ပေါ့ကွာဆိုတော့၊ ကိုယ်တော်ကြီးက အပြစ်မတင်တော့ဘူး၊ သူ စရိုက်မှားနေပြီဆိုတာသိတယ်. . . (မှန်လှပါဘုရား)။

ဒါနဲ့ဒီကိုယ်တော်လေးကို၊ ဟောကိုယ်ရင်လေး၊ မင်းသည် ကားလို့ဆိုရင် ဟိုအနားသဲပုံတစ်ပုံရှိတယ်ကွာ၊ အဲဒီသဲပုံပေါ်မှာ ထိုင်နေကွလို့ဆိုလိုက်တယ်။

## ပဒုမ္မာကြာဖူးကြီး

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တန်ခိုးအားဖြင့် ကြာဖူးကြီး ပဒုမ္မာကြာဖူးကြီးသွားစိုက်လိုက်တယ်၊ တန်ခိုးနဲ့သွား စိုက်လိုက်တယ်။

စိုက်ထားလိုက်တော့ ပထမပဒုမ္မာကြာဖူးကြီးက အစ တော့ လတ်လတ်ဆတ်ဆတ်ဟုတ်လား၊ စွန့်စွန့်ကားကား၊ လှလည်းလှတယ်၊ တော်ကြာညနေပိုင်းကျတော့ တဖတ်ဖတ်နဲ့ ကြွေ. . . . (မှန်လှပါ)။

အင်း. . . လှတာသည် ဒီအဖြေရှိတာပဲ ရှင်းနေတယ်၊ ဖြစ်မှုသည်ပျက်မှုဆုံးတာပဲကိုး. . . (တင်ပ့ါ)၊ လှတာသည်ကား လို့ဆိုရင် လှပြီးတော့လည်း ပျက်တာပဲဆိုတာ မြင်အောင်လို့၊ သူကအလှကြိုက်ကိုးဗျ။

အလှုကြိုက်ဆိုတာသည် အလှုကို အရင်ပြင်မှ နောက်ပျက်တာလေးမြင်တော့မှ၊ အင်း . . . မကြိုက်တော့ဘူးဆိုတာလာမှာ . . . (မှန်ပါ့)။

အလှုကြိုက်နေတဲ့ပုဂ္ဂိုလ်ကို အစောကြီးကအရုပ်ဆိုး၊ ထိုးပြလို့ရှိရင်ဖြင့် ဖြစ်ပါဦးမလား. . . (မဖြစ်ပါဘူးဘုရား)၊ အဲဒီနည်းပေးထားလို့ အချော်ကြီးချော်နေတာဗျ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အေးအချော်ကြီးချော်နေတယ်။

## လှဆိုတာမလှလမ်းဆုံးတယ်

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီပဒုမ္မာကြာပွင့်ကြီးက အောက်ကြွေကျတာတွေမြင်တော့၊ သူ့စိတ်ထဲမှာ ညော်. . . လှဆိုတာသည်ကားလို့ဆိုသို့ရှိရင် မလှလမ်းဆုံးတာပါလား. . . (တင်ပါ့)။

ဖြစ်ပျက်ဆိုတာ ပျက်လမ်းဆုံးတာပါလားဆိုတာ၊ တရားကသွားတွေ့တယ်၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ) လှတာ ဒကာ၊ ဒကာမတို့ ဘယ်လမ်းဆုံးသလဲ. . . (မလှမှာလမ်းဆုံးပါတယ်ဘုရား)၊ လှတာသည်မလှတာ လမ်းဆုံးတယ်၊ ဟုတ်ပလား. . . ဖြစ်တာသည် ပျက်တာမှာလမ်းဆုံးတယ်။

အဲဒီတော့ လှ၊ မလှနဲ့ ဖြစ်ပျက်နဲ့တော့ ကိုက်မနေဘူးလား (ကိုက်နေပါတယ်ဘုရား)။

## ကျောင်းတော်ပေါ်ကတရားဟောလိုက်တယ်

အဲဒီတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ ကျောင်းပေါ်ကနေပြီးသကာလ၊

**ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊ ကုမုဒံ သာရဒိကံ စ ပါဏိနာ သန္တိမဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂ တေန ဒေသိတံ။**

ဟောလိုက်တယ်၊ သာရဒိကံ - ရေကန်၌ဖြစ်သော၊ ကုမုဒံ - ပဒုမ္မာကြာကို၊ ပါဏိနာ - လက်ဖြင့်၊ ဥစ္ဆိန္ဒဝိယ - ဖြတ်သကဲ့သို့ ပဒုမ္မာကြာပန်းလက်နဲ့ဖြတ်လိုက်သလိုပေါ့ကွာ၊ အတ္တ နော - မိမိ၏၊ သိနေဟံ - ခန္ဓာကိုယ်၌၊ ခန္ဓာကိုယ်ဝေဒနာ၌ဖြစ် ခြင်းကို၊ ဆိန္ဒ - ဖြတ်လိုက်ပါတော့။

## နှစ်သက်တဲ့ ဝေဒနာကိုဖြတ်လိုက်ပါ

ခင်ဗျားတို့ ဝေဒနာလေးတယ်နှစ်သက်တယ်နော်၊ အဲဒါလေးဖြတ်ပစ်လိုက်၊ (မှန်လှပါဘုရား)၊ ကောင်းကောင်းလေးနေတော့လည်း ဒုက္ခသစ္စာမြင်အောင်ရှုလိုက်တော့ ဖြတ်ပြီးသားမကျဘူးလား. . . . (ကျပါတယ်ဘုရား)။

အေး . . . ဒါကြောင့် ကျုပ်ပစ္စည်းအကောင်းလေး၊ ကျုပ်ပစ္စည်းအကောင်းလေး ဆိုပြီးသကာလ အကောင်းလေးကြိုက်ကရှိသေးတယ်၊ ကျုပ်ကမကောင်းတာများဆိုရင် ဝတ်

လည်းမဝတ်ချင်ဘူး၊ စားလည်းမစားချင်ဘူး၊ လှုလည်းမလှူချင်ဘူး၊ ဘုန်ကြီးတောင်မလွှတ်ဘူး၊ ထည့်ပြောလိုက်သေးတယ်၊ (မှန်ပါ့)၊ ဆိုးဝါးလိုက်တဲ့ဖြစ်ခြင်း၊ ဟုတ်ပလား. . (တင်ပါ့)။

အဲ. . . သုခဝေဒနာသည်ကားလို့ဆိုရင် ဒကာ ဒကာမတို့သည် ကြိုက်လိုက်တဲ့ဖြစ်ခြင်းဟာ မပြောပါနဲ့တော့၊ ဘာဖြစ်လို့ကြိုက်ပါလိမ့်၊ ဒုက္ခရောက်တာမသိလို့. . . . (မသိလို့ပါဘုရား)။

## ကြွေကျမှာသူ့မမြင်ဘူး

အဲ. . . ပဒုမ္မာကြာပန်းကြီး၊ တင့်တင့်တယ်တယ် လန်းလန်းဆန်းဆန်းကြီး၊ သူမြင်တာကို၊ ကြွေကျမှာ သူမြင်ရဲ့လား. . (မမြင်ပါဘုရား)။

အဲဒါကြောင့် သုခဝေဒနာသည်ဒုက္ခလမ်းဆုံးတာ မသိပြီဆိုမှဖြင့်၊ သုခပြုတ်ကျလိမ့်မယ်ဆိုတာကော မပြောထိုက်ဖူးလား . . . (ပြောထိုက်ပါတယ်ဘုရား)၊ ပြောထိုက်တယ်၊ ပြောထိုက်တယ်။

## တဏှာကိုစွန့်လိုက်ပါ

အဲဒါနဲ့ ဒီရဟန်းလေးသည်ကားလို့ဆိုလို့ဆိုလို့ရင်ဖြင့် ဘုရားကကျောင်းတော်က၊ အာလောကနဲ့ ပွင့်တဲ့ပဒုမ္မာကြာပန်းကို လက်နဲ့ ဆွဲလိုက်သကဲ့သို့၊ မင်းသန္တာန်မှာ မင်းကိုယ်

ဝေဒနက္ခန္ဓာကြီးထင်နေတဲ့ တဏှာကိုလည်း၊ စွန့်လိုက်ပါလား ကွတဲ့။

သန္တိမဂ္ဂမေဝ ဗြူဟယတဲ့- စွန့်တဲ့အခါ ဒီအတိုင်းစွန့်လို့ မရဘူးတဲ့၊ မဂ္ဂသစ္စာနဲ့သွားအုံး၊ ဟုတ်လား၊ အဲဒီတော့ ဝေဒနာဖြစ် ပျက်ကို ဒကာဒကာမတို့ မြင်တယ်၊ မြင်တယ်ဆိုတာ မဂ္ဂသစ္စာနဲ့ မှမြင်တာမဟုတ်လား. . . (တင်ပါ့)။

ရှုတိုင်း၊ ရှုတိုင်း၊ ရှုတဲ့ဉာဏ်ဟူသ၍သည် ဘာသစ္စာတုံး . . . (မဂ္ဂသစ္စာပါဘုရား)၊ အဲဒါကြောင့် သန္တိမဂ္ဂမေဝ ဗြူဟယ ဟုတ်လား၊ မင်္ဂကိုသာလျှင် ဗြူဟယ - ဖောက်ပြန်တလဲလဲ သွားလိုက်စမ်း၊ မင်းခန္ဓာကိုယ်ပေါ်မှာ. . . (မှန်ပါ့)။

## မဂ္ဂသစ္စာနဲ့ပွားလိုက်စမ်းပါ။

မင်းခန္ဓာကိုယ်ပေါ် ဝေဒနာကလေးတွေဖြစ်ပျက်နေ တယ်၊ ဖြစ်ပျက်နေတယ်လို့ ပေါ်တိုင်း၊ ပေါ်တိုင်း ဉာဏ်ကလေး နဲ့သွားသွား၊ သွားသွားပြီးသကာလ မဂ္ဂသစ္စာနဲ့ပွားလိုက်စမ်း ဟောဆိုပြီး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကျောင်းပေါ်က နေဟောနေတယ်။

ကျောင်းပေါ်ကနေဟောတော့ သူကနဂိုကပဲ ခန္ဓာကိုယ် က ပဒုမ္မာကြာပန်းကြီး ခပ်စောစောမှာ တော်တော်တင့်တယ် တယ်၊ နေ့လည်နေကြီးထွက်လာတော့ အဆင်းကြီးတွေ ပိုမို

တင့်တယ်တယ်၊ ညနေပိုင်းကျတော့ အရုပ်ဆိုး၊ အကျည်းတန်ပြီး အကုန်ကြွေကျတယ်။

အင်းကောင်းခြင်းဟာ၊ မကောင်းခြင်း လမ်းဆုံးတယ်၊ လှခြင်းဟာ၊ မလှခြင်းလမ်းဆုံးတယ်၊ ဖြစ်ခြင်းဟာ၊ ပျက်ခြင်းလမ်းဆုံးတယ်၊ ငါ့ခန္ဓာလည်း ဒီလိုပဲလို့ ဉာဏ်ဦးလှည့်လိုက်တော့ ပေါ်လိုက်ပျက်လိုက်၊ သုခဝေဒနာ ပေါ်လိုက်၊ ပျက်လိုက်. . . (မှန်ပါ့ဘုရား)။

## ညနေကျတော့ရဟန္တာဖြစ်တယ်

ဒုက္ခဝေဒနာပေါ်လိုက် . . . . (ပျက်လိုက်ပါဘုရား)၊ ဥပေက္ခာဝေဒနာပေါ်လိုက်. . . (ပျက်လိုက်ပါဘုရား)၊ အဲဒီကဲ့သို့ ခန္ဓာကိုယ်မှာ ပျက်လိုက်၊ ပျက်လိုက်ချည်းမြင်နေတော့ ဟော့. . . မင်းခန္ဓာချစ်ခြင်းကို မဂ်တည်းဟူသော ဓားနဲ့တဏှာတည်းဟူသော ချစ်ခြင်းလေးစွန့်လိုက်ပါတော့လားလို့ သူ့ကိုကျောင်းပေါ်ကနေဟောလိုက်တော့၊ ညနေကျတော့ ရဟန္တာဖြစ်တယ်။

တစ်ခါတည်းစွန့်ပစ်လိုက်တာကိုး တဏှာသေရဟန္တာဖြစ်ပြီ၊ အဲဒါကြောင့် ဒကာ ဒကာမတို့ ခင်ဗျားတို့သွားနေတဲ့၊ မဂ္ဂင်ဟာ တဏှာသေနေတာ၊ ခင်ဗျားတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ဖို့ကို ဒီလောက်မဝေးပါဘူး၊ ဘာပြုလို့တုံး. . . တဏှာသေတဲ့အလုပ်လုပ်နေတာကိုး. . . (မှန်လှပါဘုရား)။

## တဏှာကိုလေးပိုင်းပိုင်းတယ်

တဏှာသေတဲ့အတိုင်း သောတာပန်ပယ်နိုင်တဲ့တဏှာ၊ သကဒါဂါမ်ပယ်နိုင်တဲ့ တဏှာ၊ အနာဂါမ်ပယ်နိုင်တဲ့ တဏှာ၊ ရဟန္တာပယ်နိုင်တဲ့တဏှာ၊ ဟုတ်လား အဲဒီကဲ့သို့ တဏှာကို လေးပိုင်း၊ ပိုင်းတော့ တစ်ပိုင်းသေလည်း သောတာပန်တည် တာပဲ။

## ဝိသာခါ

နှစ်ပိုင်းသေတော့ သကဒါဂါမ် ဟုတ်လား၊ လုံးဝတော့ ဘယ်ကုန်လိမ့်မတုံးဗျ၊ ဝိသာခါတို့သည်ကားလို့ဆိုရင် အစော ကြီးက အိမ်ထောင်မကျခင်က သောတာပန်တည်နေပြားသော် လည်း၊ သားတွေ သမီးတွေ၊ ဆွေတွေမျိုးတွေနဲ့ပေါ့ဗျ၊ ဟုတ်လား . . . (မှန်ပါ)။

သောတာပန်မို့ အကုန်ကိလေသငြိမ်းတယ်လို့ ဆိုလို့ရ ရဲ့လား. . . (မရပါဘူးဘုရား)၊ အပါယ်ကျတဲ့ ကိလေသာတော့ မရှိတာ အမှန်ပဲ၊ ဒီပြင်ငါးပါးအာရုံ၊ ကာမဂုံ ကိလေသာတော့ ရှိတာပေါ့။ သဘောကျကြပလား. . . (ကျပါပြီဘုရား)။

## အပါယ်တော့မကျတော့

အဲဒီတော့ ချိုမပေါက်ဘူးဆိုတာလည်း ရိပ်မိကြပလား

. . . (ရိပ်မိပါပြီ)၊ လုပ်သာလုပ်ပါခင်ဗျားတို့ အပါယ်ကျစေတတ်တဲ့ ကိလေသာသေတယ်ဆိုရင်ပဲ ခင်ဗျားတို့ အဖိုးတန်ပါတယ်၊ (တန်ပါတယ်ဘုရား)။

သို့သော် ဘယ်အခါကာလမှ သိပ်ခဲယဉ်းတယ်လို့ အောက်မေ့မနေပါနဲ့၊ ဝေဒနာနုပဿနာကိုသာ ရှုပေး၊ ဘာနဲ့ ရှုကြမတုံး. . . (မဂ္ဂသစ္စာနဲ့ပါဘုရား)၊ မဂ္ဂသစ္စာနဲ့ရှု သူ့အတွက်က အရှုခံရတာ. . . (မှန်ပါ့)။

ဘာနဲ့ရှုကြမတုံး. . . (မဂ္ဂသစ္စာနဲ့ ရှုရမှာပါဘုရား)။

## ငြိမ်းအေးတဲ့မင်္ဂကို ပွားများစမ်းပါ

အေး. . . သန္တိမဂ္ဂမေဝ ဗြူဟာယ ကိုး ဘုရားကဟောတာ၊ သန္တိမဂ္ဂမေဝ ဗြူဟာယ ငြိမ်သက်သောမဂ်ကိုသာလျှင် မင်းသည် ပွားများလိုက်စမ်းပါကွာ၊ ငြိမ်းအေးတဲ့မဂ်ဉာဏ်နဲ့သာ ပွားများလိုက်စမ်းပါကွတဲ့. . . (မှန်ပါ့)။

ဆိုတော့ ငြိမ်းအေးတဲ့မဂ်ဉာဏ်ဆိုတဲ့ဥစ္စာ၊ ဒကာ ဒကာမတို့ ပွားများတတ်တဲ့တရားကို ဆိုသည်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။ အဲဒီပွားများတတ်တဲ့တရားနဲ့သာ ပွားများလိုက်ပါလို့ဆိုလိုက်တော့၊ ကိုယ်တော်ကလေးက ကြာဖူးက နမူနာယူပြီး ခန္ဓာပေါ်ကို ပွားများလိုက်တယ်။

## ခြော်…ဖြစ်ပျက်သာရှိတာကိုး

အင်း. . . ဝေဒနာကလေးကလည်း ဖြစ်ပြီးပျက်တာပဲ၊ ကြားဖူးကလေးလိုပဲ၊ ကြာပန်းကလေးလိုပဲ၊ လှုပြီးပျက်တာပဲ၊ ခြော်- ဖြစ်ပျက်သာရှိတာကိုး၊ ဟုတ်လား။

အဲဒီမှာ တစ်ခါတည်း ခန္ဓာကိုယ်ကြည့်လိုက်လည်း ဖြစ်ပျက်ဖြစ်ပျက်၊ ဝေဒနာကလည်း ဖြစ်ပျက်တွေ့၊ ရုပ်တွေကြည့်လိုက်လည်း ဖြစ်ပျက်တွေ့၊ အဲဒီတော့ ဝေဒနာက မဂ္ဂသစ္စာဖြစ်မနေဘူးလား. . . (ဖြစ်နေပါတယ်ဘုရား)။

ဖြစ်ပျက်က ဒုက္ခသစ္စာ ဒကာ ဒကာမတို့ ဉာဏ်ကဘာတုံး. . . (မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာလာတော့ တဏှာတည်းဟူသော အစေးဟာ မခန်းခြောက်သေးဘူးလား. . . (ခန်းခြောက်ပါတယ်ဘုရား)။

အေး- တဏှာတည်းဟူသော အစေးဟာ ခန်းခြောက်တဲ့အခါကျလို့ရှိရင် အဝိဇ္ဇာကလည်း ဝိဇ္ဇာဖြစ်သွားတော့ ဥခွံက တစ်ခါတည်းမပါးဘူးလား. . . (ပါးပါတယ်ဘုရား)။

## သစ္စာလေးချက် တစ်ပြိုင်နက်မြင်တယ်

ဒါဖြင့် တစ်ခါတည်းနဲ့ပဲ မဂ်က ပွားများတဲ့မဂ္ဂသစ္စာက နိဗ္ဗာန်တည်းဟူသော အလင်းကို မြင်တော့တာပဲ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ

ခင်ဗျားတို့ ပွားများနေတဲ့အလုပ်သည်၊ သစ္စာလေးချက် တစ်ပြိုင်နက်မြင်တဲ့အလုပ် . . . (မှန်လှပါဘုရား)။

ခင်ဗျားတို့ ဖြစ်ပျက်ဝေဒနာက ဘာသစ္စာလဲ . . . (ဒုက္ခသစ္စာပါဘုရား)၊ ရှုနေတဲ့တရားက . . . (မဂ္ဂသစ္စာပါဘုရား)၊ ရှုနေတဲ့ မဂ္ဂနဲ့ သေတာက . . . (သမုဒယသစ္စာပါဘုရား)၊ ရှုနေရင်းမတ္တနဲ့ အလင်းပေါ်တာက . . . (နိရောဓသစ္စာပါဘုရား)။

အဲဒီမှာ ခင်ဗျားတို့ရှုနေတဲ့ပုဂ္ဂိုလ်မှာ သစ္စာလေးချက် တစ်ပြိုင်နက်ထင်တယ်၊ အဲဒါကြောင့် မူလ ဘုတကပြောခဲ့တယ်၊ အဝိဇ္ဇာဥခွံကြီးကတဲ့ မဂ္ဂသစ္စာ ဝိဇ္ဇာလာကတည်းက ဥခွံကြီးရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)၊ မရှိပါဘူး။

မဂ္ဂသစ္စာလည်းလာတော့ မဂ္ဂသစ္စာက သမုဒယသစ္စာကို ဖြတ်လိုက်တဲ့အတွက် တဏှာအစေးကကော မခန်းခြောက်သေးဘူးလား . . . (ခန်းခြောက်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဉာဏ် ကြက်ကလေးတွေနဲ့တူတဲ့ဉာဏ်သည် တစ်ခါတည်း ဥခွံထဲကဖောက်ခွဲထွက်ပြီး ပြင်ဘက်အလင်းသို့ မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

## စိတ်ချလက်ချအားထုတ်ပါ

ဒီမှာလည်း ခင်ဗျားတို့ အားသာထုတ် အဝိဇ္ဇာဥခွံနဲ့ တဏှာအစေး၊ ဥခွံကြီးကလည်းပါး၊ တဏှာအစေးကလည်း

ခြောက်၊ နိဗ္ဗာန်တည်းဟူသော အလင်းကလည်း ပေါ်ပေါက်လာတဲ့ အတွက် ခင်ဗျားတို့သေသေချာချာရမယ်၊ ရောက်မယ်ဆိုတာ၊ သေသေချာချာ၊ စိတ်ချလက်ချ အားကိုးမလျှော့နဲ့ (တင်ပါ့)။

အားကိုးမလျှော့နဲ့ ပွားသာ ပွားပေးပါ၊ ဘာမှမမြင်သေးဘူးဘုရား၊ ဘာမှမမြင်ချင်နေပါ ဝေဒနာသာမြင်အောင်လုပ်၊ ဟုတ်လား။

ဝေဒနာသာ မြင်အောင်လုပ်၊ အခုတဖျပ်ဖျပ်နဲ့ ပျက်နေတာ မမြင်ဘူးဘုရား၊ အိုမမြင်ချင်နေ သူပေါ်တဲ့နေရာ ပျက်တဲ့နေရာလေးသာ ပေါ်တဲ့အခါ ကျလို့ရှိရင် ဖြစ်ပျက်ပဲလို့ လိုက်သာရှုနေပါ၊ ဟုတ်ပလား၊ နည်းများမဆို ဟဒယ ဝတ္ထုပေါ် လိုက်သာရှုနေ၊ အဲဒီကဲ့သို့ ဒကာဒကာမတွေ ရှုပါများလာတော့ ဒီတရားမှာ နဂိုကကို ရှုမယ်လို့ စောင့်နေတော့ သိသိသာသာ လာသေးရဲ့လား . . . (မလာပါဘုရား)။

## ဝေဒနာကို ရှာနေစရာမလို

ဝေဒနာကို ခင်ဗျားတို့က ရှာနေစရာမလိုပါဘူး၊ ဝေဒနာက္ခန္ဓာကြီးပဲ ဟုတ်လား၊ ခင်ဗျားတို့ဝေဒနာ မတွေ့စရာအကြောင်း မြင်သေးလား . . . (မမြင်ပါဘူးဘုရား) အဲဒီတော့ မမြင်တော့ ဝေဒနာဖြစ်ပျက်၊ ရုပ်ဖြစ်ပျက်၊ ဉာဏ်ကလေးနဲ့ ရှုပေး ဒကာဒကာမတို့ ရှုရှုပေးတော့ ဝေဒနာဒုက္ခသစ္စာကြီး ဝေဒနာ

ဖြစ်ပျက်ပြီးသွားသောကြောင့် ဒကာဒကာမတွေ ဝေဒနာအဖြစ်နဲ့ ရှိသေးသလား (မရှိတော့ပါဘုရား) ဖြစ်ပျက်တဲ့ ဒုက္ခသစ္စာအဖြစ်နဲ့သာ ရှိတယ်။

ဒါဖြင့် ဖြစ်ပျက်ဖြစ်တဲ့ ဒုက္ခသစ္စာက ဒုက္ခသစ္စာ ရှုတဲ့ ဉာဏ်က မဂ္ဂသစ္စာ၊ သေတာက သမုဒယချုပ်တာ၊ အဲဒါ အဝိဇ္ဇာ ဥဒ္ဒံကြီး အကုန်ကွာသွားလို့ ဖြစ်ပျက်မှာ အလင်းကြီးက ပေါ်ပေါက်လာတော့၊ တိမ်တိုက်ကြီးပျောက်တော့၊ နေအလင်းရောင်ချက်ချင်းမရောက်ဘူးလား . . . (ရောက်လာပါတယ်)။

## အေးမြတဲ့ဓါတ်ကြီးပေါ်လာတယ်

အဲဒီအလင်းရောင်ကြီးသည်ကားလို့ ဆိုရင် ဒကာဒကာမတို့ နိဗ္ဗာန်တည်းဟူသော တရားကြီး အေးမြတဲ့ဓါတ်ကြီးပေါ်လာပါတယ်။ အဲဒါ သစ္စာလေးချက် တစ်ပြိုင်နက်ထင်တယ် ဆိုတာကော သဘောကျပလား (ကျပါပြီ)။

ဒါကြောင့် ဒကာဒကာမတို့ ဒီနေ့ တရားမှာ နိဂုံးချုပ်လိုက်လို့ရှိရင် ဘယ်လိုချုပ်ရမလဲလို့ ဆိုလို့ရှိရင်ဖြင့်

## ကျင့်တဲ့ပုဂ္ဂိုလ်မှရမယ်

ဇာနတောဟံဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိနော ဇာနတော အပဿတောလို့ ဘုရားဟောတော်မူခဲ့တယ်၊ သိတဲ့ပုဂ္ဂိုလ်၊ ကျင့်တဲ့ပုဂ္ဂိုလ်မှသာလျှင် ရှုတဲ့ ပုဂ္ဂိုလ်မှ

သာလျှင် ရမယ်။ အာသဝေါတရား ကုန်တဲ့နိဗ္ဗာန်ရမယ် (မှန်ပါ့ဘုရား)။

တရားမကျင့်ဘဲနဲ့အားမထုတ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် . . . (မရပါဘူးဘုရား) အခုန ကြက်မကြီးအကြောင်း၊ ကြက်တွေ ထုံးစံအတိုင်း အကုန်လုပ်ပါမှ ကြက်ဥပေါက်မယ် (မှန်လှပါဘုရား)။

ခင်ဗျားတို့လည်း ကျင့်မှုအလုပ်ကို ပြင်းပြင်းထန်ထန် လုပ်ပါမှ ဘာတုံး . . . (နိဗ္ဗာန်ရောက်ပါမယ် ဘုရား) နိဗ္ဗာန်ရောက်မယ်။

## လုံ့လဝီရိယမလျှော့ပါနဲ့

အဝိဇ္ဇာက ဝိဇ္ဇာဖြစ်လာမယ်ဆိုတာကော သဘောကျပလား (ကျပါပြီဘုရား) ဒါကြောင့် ဒကာဒကာမတွေ လုံ့လဝီရိယ မလျှော့ဘဲနဲ့ ကြိုးစားပါ။ ဒုက္ခဝေဒနာပေါ်ရင် ဒုက္ခဝေဒနာရှုပါ။ သုခဝေဒနာပေါ်ရင် . . . သုခဝေဒနာရှု ဥပေက္ခာ ဝေဒနာပေါ်ရင် . . . (ဥပေက္ခာဝေဒနာရှုရပါမယ်ဘုရား)။

## ပေါ်ရာဝေဒနာသာရှု

ခင်ဗျားတို့ ပေါ်ရာဝေဒနာသာရှု၊ သူတို့က တစ်ပြိုင်တည်းမပေါ်ဘူး၊ တစ်ခု၊ တစ်ခုပဲ အမြဲတမ်းမရှိဘူးလား (ရှိပါတယ်ဘုရား) ရှိတာကို ဉာဏ်ဦးတည့်လို့ရှိရင်ဖြင့် ခင်ဗျားတို့

ခန္ဓာကိုယ်ကြီးက ဘယ်နေရာမှာ အကောင်းဆိုတာ ရှိသေးရဲ့လား . . . (မရှိပါဘူးဘုရား)။

ဖြစ်ပျက်သာရှိတယ်၊ အပျက်တွေသာ ရှိတယ်၊ ဒါတွေသာရှိနေတယ်ဆိုသဖြင့် ခင်ဗျားတို့ ဒီခန္ဓာကြီးကို ဆုတောင်းချင်တဲ့ တဏှာတွေလာသေးရဲ့လား . . . (မလာပါဘုရား)။

## သိတဲ့ဉာဏ်ကမဂ္ဂသစ္စာ

ဘာလာတော့မှာတုံး ဝေဒနာက္ခန္ဓာကြီး ကောင်းကောင်းသိသွားပြီ (မှန်ပါ့) ဒုက္ခသည်ကြီး ကောင်းကောင်းသိသွားပြီ။ ဒုက္ခသည်မှန်း ကောင်းကောင်းသိတယ်၊ ဒါဖြင့် ဝေဒနာဟာ ဝေဒနာက္ခန္ဓာကြီးသည်ကား ဒုက္ခသည်၊ ဒုက္ခသစ္စာ (တင်ပါ့) သိတဲ့ဉာဏ်က မဂ္ဂသစ္စာ။

ဝေဒနာသည်မှန်းသိတဲ့အတွက် ဘယ်ဘဝမှ ဆုမတောင်းချင်တာက အခုဘဝ အခုခန္ဓာမှာ လက်ရှိခန္ဓာကြီးလည်း ရွံမုန်းငြီးငွေ့စွန့်ချင်တာက သမုဒယ သေတာ၊ အဲဒီတော့ နောက်ဘဝ ခန္ဓာကြီး ပေါ်ပါအုံးမလား . . . (မပေါ်ပါဘုရား)။

အဲဒီ ဆုမှ မတောင်းဘဲ၊ တောင်းမှ မတောင်းတော့ဘဲပဲ၊ ခန္ဓာမလာဖြစ်အောင် ဝေဒနာတို့၏ ချုပ်ရာနိဗ္ဗာန်လို့ ပြောတာ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ . . . ယနေ့ဒီတွင် တော်ကြဦးစို့
သာဓု . . . သာဓု . . . သာဓုပါဘုရား။